# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၁၂)


### သံသရာ

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။

ဗာလဝဂ်(ဓမ္မပဒ - ၆၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော်  အောက်တိုဘာ  ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်)အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်ခရမ်မစ်ဆရီအား နံနက် ၁၁ နာရီတွင် လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။
**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်ခရမ်မစ်ဆရီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

## ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များ ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် နေ့ရက်နှင့်လစ်လပ်မဲဆန္ဒနယ်များ**
**အသိပေးကြေညာချက်**
**နေပြည်တော်၊ အောက်တိုဘာ ၁၁ ရက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးရှိ အောက်ဖော်ပြပါလစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲအား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်စခန်းသုံးခု တိုက်ခိုက်ခံရမှုများအတွင်း ကျဆုံးခဲ့ကြသူများ၏ မိသားစုများအား ဥရောပသမဂ္ဂမှ ဝမ်းနည်းကြောင်းပြောကြား

စာမျက်နှာ-၆

## အမြင်အာရုံကောင်းမွန်ရေး ပိုမိုလက်တွဲကြိုးပမ်းပေး

ဆောင်းပါး၊ စာမျက်နှာ-၉

## ပင်လယ်ရေအောက် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှု စာချုပ် တူရကီနှင့် ရုရှားချုပ်ဆို

နိုင်ငံတကာသတင်း၊ စာမျက်နှာ-၁၀

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ACD ဆွေးနွေးပွဲနှင့် CLMV နိုင်ငံများဖွံ့ဖြိုးရေး

ဒုတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ(ACD)ကို အောက်တိုဘာလ ၁၀ ရက်နေ့က ထိုင်းနိုင်ငံဗန်ကောက်မြို့၌ စတင်ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၁၃၄ နိုင်ငံမှ နိုင်ငံ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ ACD အဖွဲ့အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီး အစည်းအဝေးတို့ကို နှစ်စဉ်ကျင်းပလျက်ရှိသည်ဟု သိရသည်။


အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (ACD)ကို ၂၀၀၂ ခုနှစ်က ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှနိုင်ငံ ၁၈ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၄ နိုင်ငံပါဝင်လျက်ရှိသည်ဟု ဆိုပါသည်။ တည်ထောင်ရသောရည်ရွယ်ချက်မှာ အာရှဒေသတွင် အပြန်အလှန်မှီခိုအားထားမှု မြှင့်တင်ခြင်းဖြင့် အာရှဒေသ၏ ဘုံခွန်အားစုနှင့် အခွင့်အလမ်းများကို ပြသနိုင်ရေး၊ နိုင်ငံတကာ ဈေးကွက်တွင်အာရှစီးပွားရေး အသိုက်အဝန်းထူထောင်ရေး၊ အာရှဒေသတွင်းကုန်သွယ်ရေးနှင့် ငွေကြေးဈေးကွက်တိုးမြှင့်နိုင်ရေး၊ အာရှနိုင်ငံများကြားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ညီမျှစေရေးတို့ကို ရည်ရွယ်ခြင်းဖြစ်သည်။

အဓိကအားဖြင့် အာရှမှအာရှသို့ (အာရှဒေသတွင်း) ဆက်သွယ်မှုတိုးမြှင့်ရန်ဖြစ်သည်။ အဓိပ္ပာယ်မှာ အခြေခံအဆောက်အအုံများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းပညာလွှဲ ပြောင်းခြင်းများနှင့် အထူးသဖြင့်ပြည်သူအချင်းချင်း ဆက်ဆံရေးတိုးမြှင့်ရန်ဖြစ်ပြီး မည်သည့်နိုင်ငံကိုမှ နောက်ကျမကျန်ရစ်စေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထို့ပြင် အာရှဒေသတွင်း စည်းမျဉ်းနှင့်စံချိန်စံညွှန်းများတစ်ပြေးညီဖြစ်ရန်လည်းပါဝင်သည်။ ကမ္ဘာ့ဘဏ်၏တွက်ချက်မှုများအရ အာရှဒေသသည် ၂၀၂၀ ပြည့်နှစ်တွင် ၎င်းတို့၏ဝင်ငွေ ခြောက်ရာခိုင်နှုန်းတိုးပွားလာမည်ဖြစ်ပြီး စုစုပေါင်း ၁ ထရီလီယံ ဒေါ်လာသို့ ရောက်ရှိလာမည်ဖြစ်သည်။ ထိုအတွက်မျှော်မှန်းတွက်ချက်ထားသော ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပြည့်မီရမည်ဟုဆိုပါသည်။

တစ်ပြိုင်တည်းမှာပင် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ခန့်မှန်းမှုအရ အာရှ၏ အခြေခံအဆောက်အအုံအတွက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုလိုအပ်သည့် ငွေပမာဏမှာ ၅ ထရီလီယံ ဒေါ်လာဖြစ်ရာ၊ ၎င်းသည်တစ်ကမ္ဘာလုံးအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းရှိသည်ဟု ဆို သည်။ ထိုလိုအပ်ချက်များအတွက် ထိုင်းနိုင်ငံကမူ ပုဂ္ဂလိကအခန်းကဏ္ဍမှ ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ ရန်ပုံငွေ လျာထားချက်ရှိသည်ဟုဆိုသည်။ ကျန်ပမာဏများအား မည်သို့ဖြည့်ဆည်းနိုင်မည်ကို အားလုံးဝိုင်းဝန်းစဉ်းစားအကြံဉာဏ်ရယူရန် ယခုဆွေးနွေးပွဲတွင် တိုက်တွန်းသွားသည်ကို တွေ့ရသည်။

အာရှနိုင်ငံများ အဝန်းအဝိုင်းတွင် အာဆီယံနိုင်ငံများသည်လည်း အပါအဝင်ဖြစ်သည်။ အာဆီယံနိုင်ငံများတွင်ပင် CLMV ခေါ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့မှာ အနောက်ကျဆုံး နိုင်ငံများဖြစ်နေသည်။ ထိုလေးနိုင်ငံယှဉ်လျှင်ပင် ဗီယက်နမ်သည် အလားအလာ အကောင်းဆုံး နိုင်ငံအဖြစ် သတ်မှတ်ကြပြီး မြန်မာသည် ယခုမှစတင်၍ ထိရောက်သော ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရမည့်အခြေအနေ ဖြစ်ပါသည်။ ထိုလေးနိုင်ငံ၏ GDP ဖွံ့ဖြိုးနှုန်းမှာ ပြီးခဲ့သည့်နှစ်က ၆ ဒသမ ၇ မှ ၇ ဒသမ ၂ ရာခိုင်နှုန်းကြားရှိခဲ့ပြီး မြို့ပြဖွံ့ဖြိုးလာမှု၊ လူငယ်လူဦးရေများပြားမှု၊ လူလတ်တန်းစားများပေါ်ထွန်းလာမှုနှင့် အစိုးရများ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မှုတို့ကြောင့် အရှေ့တောင်အာရှ၏ စီးပွားရေးထွန်းသစ်စနိုင်ငံများဟု သတ်မှတ်လာကြသည်။

ထိုင်းနိုင်ငံ၏စီးပွားရေးမှာ အကြီးစားစက်မှုလုပ်ငန်းများ အလေးပေးဖွံ့ဖြိုးမှုမှ ဒီဂျစ်တယ်အခြေခံစက်မှုလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုများသို့ ကူးပြောင်းရန်ကြိုးပမ်းသည့်အဆင့်ဖြစ်နေပါသည်။ ACD ဆွေးနွေးပွဲဖွင့်ပွဲတွင် ထိုင်းဝန်ကြီးချုပ်က မည်သည့်နိုင်ငံမှ နောက်ကျမကျန်ရစ်စေသော ဖွံ့ဖြိုးမှုရရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လှုံ့ဆော်သွားမှုကို ကြိုဆိုရမည်ဖြစ်သော်လည်း CLMV နိုင်ငံများတွင်ပင် အောက်နား၌ရောက်ရှိနေသော မြန်မာနိုင်ငံအဖို့မူ ဘက်ပေါင်းစုံမှကြိုးပမ်းအားထုတ်ရန် လိုအပ်နေသော အခြေအနေသာဖြစ်ကြောင်း တင်ပြရပါသည်။ ။




## မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ဂွ အောက်တိုဘာ ၁၁**

သံတွဲခရိုင် ဂွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာခြောက်ရွာအတွက် ငွေကျပ်သိန်း ၃၀၀ စီ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာလပထမပတ်က ကျေးလက်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပြီး ကျေးရွာများမှ တက်ရောက်လာကြသော စီမံကိန်းကျေးရွာ ကော်မတီဝင်များအား တာဝန်ရှိသူတို့က ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးဝင်းက ကော်မတီဝင်များအား ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များကို ပြောကြားခဲ့ကြောင်း သိရသည်။ (၁၅၇)

**ထင်သာမြင်သာပြုပြင်စရာ**

## ဖျာပုံတံတားကြီး အဆင်းလမ်းကောင်းမွန်ရေးနှင့် မီးလင်းရေးဆောင်ရွက်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဖျာပုံတံတားကြီးသည် ရာသီမရွေး မြို့နေပြည်သူများနှင့် ခရီးသွားပြည်သူများ လူမှုစီးပွားရေးအတွက် နေ့စဉ်အသုံးပြုနေရသော နေရာတစ်ခုဖြစ်သည့်အပြင် ခြေကျင်လမ်းလျှောက်သူများ၊ ခရီးသွားမော်တော်ယာဉ်များ၊ ကိုယ်ပိုင်ကားများ များပြားစွာ ဖြတ်သန်းသွားလာနေသည်ကို နေ့စဉ်တွေ့မြင်နေရပြီး ဖျာပုံတံတားကြီး၏ သက်ဆိုင်ရာလမ်းမီးများ မီးလင်းရေးနှင့် ခြေဆင်းလမ်းများကောင်းမွန်ရေးသည် အလွန်အရေးကြီး လှပေသည်။

ယခုအခါ ဖျာပုံတံတားကြီး ဖျာပုံဘက်ခြမ်း အောင်သစ္စာလမ်းနှင့် တြိဂံချွန်းအနီး ခြေဆင်းကတ္တရာလမ်းသည် ရေဝပ်ပေါက်ပြဲ၍ ချိုင့်ခွက်များဖြစ်ပေါ်နေသဖြင့် ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်များ မတော်တဆယာဉ်တိုက်မှု အန္တရာယ်များ မကြာခဏကြုံတွေ့နေရသည်ကို နေ့စဉ်နီးပါး မြင်တွေ့နေရကြောင်း သိရသည်။

ထို့ပြင် ညအချိန် တံတားကြီးဘေး လူသွားစင်္ကြံလမ်းတွင် မှောင်ရိပ်ခို၍ ဒုစရိုက်ပြုလုပ်နေသူများကို ရှင်းလင်းဖယ်ရှားပေးရန်အတွက် လူသွားစင်္ကြံလမ်းများ မီးလင်းရန်လိုအပ်လျက်ရှိပြီး ဖျာပုံဘက်ခြမ်း ခြေဆင်းလမ်းများ ကောင်းမွန်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**

## မြေကွက်များအား မဲစနစ်ဖြင့်နေရာချထားပေး

**ကြံခင်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေလယ်ကျွန်းကျေးရွာသည် နှစ်စဉ်ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျသဖြင့် ကမ်းပါးအနီးအနားတွင် နေထိုင်လျက်ရှိသော အန္တရာယ်ရှိသည့်နေအိမ်များ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဒေသများမှ စေတနာရှင်အလှူရှင်များစုပေါင်းလှူဒါန်းငွေဖြင့် ရေလယ်ကျွန်းကျေးရွာမှ ကိုင်းမြေများဝယ်ယူ၍ မြေကွက်များရိုက်ကာ ပြောင်းရွှေ့နေထိုင်လိုသည့် အိမ်ထောင်စုများအား မဲနှိုက်၍ နေရာချထားခြင်းကို အောက်တိုဘာ ၁၁ ရက်က ရေလယ်ကျွန်းကျေးရွာ၌ ပြုလုပ်ခဲ့ရာ မြေကွက် ၅၄ ကွက်အား မဲနှိုက်နေရာချပေးနိုင်ခဲ့ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကုန်းမြင့် လယ်ယာမြေဖော်ထုတ်ခြင်းနှင့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၁**

ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းနှင် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု (အထူး)သင်တန်းကို အောက်တိုဘာ ၁၀ ရက်က ပျဉ်းမနားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ထွန်စက်ကြီး၊ ကူဘိုတာ (DC70G) ရိတ်သိမ်းခြွေလှေ့စက်၊ လက် တွန်းထွန်စက် မောင်းနှင်ခြင်းများကို စာတွေ့လက်တွေ့တစ်လတာ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းသို့ ချင်းပြည်နယ်မှ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ပြီး ကျန်ရှိသည့်ပြည်နယ်များမှလည်း ဒေသခံများကို နေပြည်တော်သို့ ခေါ်ယူ၍ စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၆ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၈ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂ · ၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅ · ၇၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၈၈၆ |
| တရုတ် | တစ်ယွမ် | ၁၈၇ · ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၁၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



## လက်ခံတွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်)အား လက်ခံတွေ့ဆုံစဉ်

(သတင်းစဉ်) (သတင်း-ရွှေဖုံး)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တမူးမြို့၌ ၃ ဒသမ ၆၆ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)၌ ၂ ဒသမ ၁၂ လက်မ၊ ကျောက်ထုမြို့၌ ၁ ဒသမ ၇၀ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)၌ ၁ ဒသမ ၃၈ လက်မ၊ စစ်တွေမြို့၌ ၁ ဒသမ ၁၈ လက်မနှင့် ကျောက်ဖြူမြို့၌ ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် လွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ့ပ်အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ့ပ်အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်)အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့် ရုရှားနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်)အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ့ပ်အား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် လွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

◆ *ရွှေဖုံးမှ*

| **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| (၁) မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| (၆) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) |
| (၇) ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျေးသီး |
| (၉) မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| (၁) ချင်းပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၃) | ထန်တလန် |
| (၂) ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ |

| **လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| (၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) | ဖရူဆို |
| (၂) ကျိုင်းတုံမြို့နယ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) | ကျိုင်းတုံ |
| (၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) | ကျေးသီး |
| (၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) | ကျေးသီး |
| (၅) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) | မိုင်းရှူး |
| (၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) | မိုင်းရှူး |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မုဒုံမြို့ ကန်တော်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**မုဒုံ အောက်တိုဘာ ၁၁**

မွန်ပြည်နယ် မုဒုံမြို့သမိုင်းဝင်ကန်တော်ကြီးစေတီတော်၏ (၁၄၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၇ နာရီတွင် မြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်း ၆၈ ကျောင်းနှင့် သီလရှင်စာသင်တိုက် ၁၁ တိုက်တို့မှ ရဟန်း၊ သာမဏေနှင့် သီလရှင် ၁၉၅၄ ပါးတို့အား မင်းတန်းရပ်မင်္ဂလာမဏ္ဍပ်မှ စတင်ကာ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။

ညပိုင်းတွင် ကန်တော်ကြီးစေတီရင်ပြင်ပတ်လည်၌ ဘာသာရေးဝတ်အဖွဲ့ဝင်များက ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကာ ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်ခြင်း၊ စေတီတော်တောင်ဘက်ပတ်လမ်း၌ ဇာတ်ပွဲနှင့် ဈေးပွဲတော်ရောင်းချခြင်းတို့ဖြင့် ဆင်နွှဲသွားမည်ဖြစ်သည်။ ကန်တော်ကြီးစေတီတော်အရှေ့ဘက်ရှိ ကန်ကြီးရေကန်၌ မြို့ပေါ်နှင့်ရပ်ကွက်၊ ကျေးရွာ အုပ်စုတို့မှ လူသစ်တန်းနှင့်အကြီးတန်း ၁၈ ဖွဲ့ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ စတင်ကျင်းပပြီး လပြည့်နေ့ ညနေပိုင်းတွင် ဆုများချီးမြှင့်မည်ဖြစ်သည်။ **ကိုချစ်(မုဒုံ)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် နော်ဝေစာရင်းစစ်ချုပ်ရုံးတို့ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးရန် အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂ ရက်မှ ၇ ရက်အထိ နော်ဝေနိုင်ငံ အော်စလိုမြို့သို့ သွားရောက်ခဲ့သည်။

ပြည်သူ့ဘဏ္ဍာငွေများစီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးနည်းလမ်းများဖြင့် အရည်အသွေးမြင့်မားသော စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ရေး၊ စစ်ဆေးရေးလုပ်ငန်း စွမ်းဆောင်ရည်အားကောင်းလာစေရေးနှင့် နိုင်ငံတကာစာရင်းစစ်ဆေးခြင်းအတွေ့အကြုံများ တိုးမြှင့်စေရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန်၊ ယင်းသို့ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များအား ဆွေးနွေးခြင်း၊ စာရင်းစစ်ဆေးခြင်းဆိုင်ရာ အတွေ့အကြုံဖလှယ်ခြင်း၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနရှိ NORAD (Norwegian Agency for Development Co-operation)မှ Oil for Development Program အား လေ့လာခြင်း၊ နော်ဝေပါလီမန်ရှိ Standing Comittee on Scrutiny and Constitutional Afair မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကိုဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# ရခိုင်ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ မောင်တောနှင့် ရသေ့တောင်မြို့နယ် ဖြစ်စဉ်များနှင့်ပတ်သက်၍ သြဝါဒခံယူ



ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒ



သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက် ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ



မဏိရတနာကျောင်းတိုက် ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ



ဓမ္မသုခကျောင်းတိုက် ဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ

**စစ်တွေ အောက်တိုဘာ ၁၁**
ရခိုင်ပြည်နယ် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဦးသိန်းဆွေ၊ ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့က ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ် ဖြစ်စဉ်များနှင့်ပတ်သက်၍ သြဝါဒခံယူပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ မဏိရတနာကျောင်းတိုက်၌ ကျင်းပသည်။

သြဝါဒခံယူပွဲတွင် ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရှင်းလင်း လျှောက်ထားရာတွင် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး အောက်တိုဘာ ၉ ရက်က မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါကြောင်းနှင့် ၎င်းတို့၏ သဘောထားအမြင်များ၊ ခံစားချက်များ၊ အကြံပြုချက်များကို နားထောင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မိမိတို့ ယခုကဲ့သို့ ကွင်းဆင်းလာရောက်သည့်အကြောင်းကို ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးများထံ လာရောက်တွေ့ဆုံ လျှောက်ထားခြင်းဖြစ်ပါကြောင်းနှင့် ဆရာတော်ကြီးများ၏ ဆန္ဒသဘောထား၊ သြဝါဒကို နာယူသွားမည်ဖြစ်ပါကြောင်း တင်ပြလျှောက်ထားသည်။

ထို့နောက် ဆရာတော်များထံ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်သည့် ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒ၊ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ၊ မဏိရတနာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ၊ ဓမ္မသုခကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ တို့က သြဝါဒကထာ ချီးမြှင့်ကြသည်။

ဆရာတော်ကြီးများက သြဝါဒချီးမြှင့်ရာတွင် ယခုဖြစ်ရပ်အတွက် မိမိတို့စိတ်နှလုံး မသက်မသာ ဖြစ်ရမှု၊ နောင်အလားတူ မဖြစ်အောင် သတိ၊ ဝီရိယဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ ယခုကဲ့သို့ ခံစားမှုမျိုး မိမိတို့ အကြိမ်ကြိမ် ခံစားနေရမှု၊ အစိုးရသစ်က ပြောင်းလဲမှုများ ဖော်ဆောင်နေချိန်တွင် ယခုဖြစ်ရပ် ပေါ်ပေါက်သည်မှာ စိတ်လက်မချမ်းသာမှု၊ ယခုကိစ္စရပ်သည် အလွန်ပင်ကြီးကျယ်သည့် ကိစ္စဖြစ်မှု၊ တပ်များ အင်အားဖြည့်တင်းခြင်း၊ ယခုကဲ့သို့ စစ်တွေမြို့သို့ ပြည်ထောင်စုဝန်ကြီးများ လာရောက်ခြင်းတို့ကို တွေ့ရှိရသည့်အတွက် ကျေနပ်ဝမ်းမြောက်မှု၊ ယခုကဲ့သို့ တက်တက်ကြွကြွဖြင့် လုံခြုံရေး စိတ်ချရအောင် ဆောင်ရွက်ပေးစေလိုမှု၊ နိုင်ငံတော်က ယခုကဲ့သို့ ဆောင်ရွက်နေမှုကို အားရကျေနပ်ပါကြောင်းနှင့် လုံခြုံစိတ်ချရရေးအတွက် ဆောင်ရွက်ပေးစေလိုပါကြောင်း မြွက်ကြားသည်။

**(သတင်းစဉ်)**

## ဆောင်းသီးနှံစိုက်ပျိုးစရိတ် ကျောက်တန်းမြို့နယ် ရွာသစ်ကြီးရွာ တောင်သူများအား စတင်ထုတ်ချေး

**ကျောက်တန်း အောက်တိုဘာ ၁၁**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ယနေ့ နံနက်က ရွာသစ်ကြီးကျေးရွာအုပ်စုမှ တောင်သူ ၁၄၇ ဦးအား ၂၀၁၆ ခုနှစ် ဆောင်းသီးနှံစိုက်ဧက ၁၁၀၄ ဧကအတွက်ငွေကျပ် ၂၂၀၈၀၀၀၀ ကို မြို့နယ်ဘဏ်ခွဲမန်နေဂျာဦးလှသွင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက တောင်သူတစ်ဦးချင်းသို့ ထုတ်ချေးပေးသည်။ **(ယာပုံ)**



အဆိုပါ ဆောင်းသီးနှံချေးငွေလာရောက်ထုတ်ယူသည့် ရွာသစ်ကြီးကျေးရွာမှ တောင်သူဦးထိန်လင်းက ယခုကဲ့သို့ ဆောင်းသီးနှံစိုက်ပျိုးရန် လိုအပ်ငွေကို ဆောလျင်စွာဖြင့် အချိန်မီထုတ်ချေးပေးသော နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ကြောင်း။ ယခုချေးငွေကို ဆောင်းသီးနှံစိုက်ပျိုးရန် မြေပြုပြင်ထွန်ယက်ခနှင့် မျိုးစေ့အတွက်အသုံးပြုမည်ဖြစ်ကြောင်း။ မိမိသည်ဧက ၃၀ ကွက်ပြည့် ပဲတီစိမ်းစိုက်သူဖြစ်၍ ယခုဘဏ်ချေးငွေ တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၁၀ ဧက အတွက်သာချေးသောကြောင့် အခက်အခဲရှိကြောင်း။ နိုင်ငံတော်မှ ဆောင်းသီးနှံချေးငွေကို တိုးမြှင့်ပေးလျှင် ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်း မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားသည်။

ကျောက်တန်းမြို့နယ်၌ ကျေးရွာအုပ်စု ၄၇ အုပ်စု၊ တောင်သူ ၉၀၇၃ ဦးတို့၏ ဆောင်းသီးနှံစိုက်ဧက ၈၁၀၀၀ အတွက် ငွေကျပ်သိန်းပေါင်း ၁၆၂၀၀ နှင့် နွေစပါးစိုက်တောင်သူ ငါးဦး၊ လယ်ဧက ၅၀ အတွက် ငွေကျပ် ၇၅ သိန်းကို တောင်သူများသို့ ဆက်လက်ထုတ်ချေးပေးရန် လျာထားစီစဉ်ထားကြောင်း သိရသည်။

**စိုးဝင်း (ကျောက်တန်း)**

## မျက်စိဆရာဝန်များ နှစ်ပတ်လည်ညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**
မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ မျက်စိရောဂါပညာအဖွဲ့မှ ကြီးမှူးကျင်းပသော (၂၈)ကြိမ်မြောက် မျက်စိဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံကို အောက်တိုဘာ ၂၅ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် အသိပေးကြေညာထားသည်။

ညီလာခံသို့ တက်ရောက်ရန်အတွက် မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၂၀ ရက်မှ ၂၁ရက်အထိ ရန်ကုန်မျက်စိအထူးကု ဆေးရုံကြီးနှင့် အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်နိုင်ကြောင်း ညီလာခံဖြစ်မြောက်ရေးကော်မတီက အသိပေးထားသည်။ **(မြန်မာ့အလင်း)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာသွန်းမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း) မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာသွန်းနိုင်ပြီး ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာကာ နေရာကွက်ကျားမိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

❇ *ကျောဖုံးမှ*

ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပွားခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေ၊ ပြည်သူလူထု၏ သဘောထားအမြင်များ၊ ခရီးစဉ်အတွင်း ဆောင်ရွက်သွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ရှိ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နံနက် ၉ နာရီတွင် ဦးဉတ္တမ ခန်းမ၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စစ်တွေမြို့ရှိ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားစဉ်

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများကို ပြည်သူများ စိုးရိမ်ပူပန်မှုမရှိစေရန်၊ တည်ငြိမ်မှုရရှိစေရန် ဆောင်ရွက်နေမှု၊ ပြည်နယ်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့က ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်အတွင်း၌ ဖြစ်ပွားနေသည့် ပြဿနာသည် ရေရှည်အမြစ်တွယ်လာခဲ့သည့် ပြဿနာဖြစ်သဖြင့် ၎င်းပြဿနာကို ဖြေရှင်းကိုင်တွယ်မည်ဆိုလျှင် ရေရှည်ကို ကြည့်ပြီး ဆောင်ရွက်ရန် လိုအပ်မှု၊ ၎င်းပြဿနာသည် သိမ်မွေ့ပြီး အထိအခိုက်မခံသည့်၊ ထိလွယ်ရှလွယ်သည့် ပြဿနာဖြစ်သည့်အတွက် ဖြေရှင်းဆောင်ရွက်ရာတွင် သေချာစဉ်းစားပြီး နည်းလမ်းရှာ ဆောင်ရွက်သွားရန် လိုအပ်မှု၊ ဒေသတည်ငြိမ်ရန် လိုအပ်မှုနှင့် အခါအားလျော်စွာ ယခုကဲ့သို့ မတည်ငြိမ်မှုများ ပေါ်ပေါက်ခြင်းမှာ တည်ငြိမ်မှုကို မလိုလားသူများ၊ အဖွဲ့အစည်းများက ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယေဘုယျမှတ်ယူနိုင်မှု၊ မိမိတို့အနေဖြင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန် အလေးထားမှု၊ ရခိုင်ပြည်နယ်၌ ဖြစ်ပွားသည့် ကိစ္စသည် ပြည်ထောင်စုနိုင်ငံတစ်ခုလုံးအတွက် သက်ရောက်သည့်ကိစ္စဖြစ်မှုနှင့် နိုင်ငံ၏ ကိစ္စဟု သဘောထားဆောင်ရွက်လျက်ရှိမှု၊ ယခုဖြစ်ရပ်ဖြစ်ပွားစဉ်ကပင် ဆွေးနွေးမှုများ၊ အစည်းအဝေးများ ပြုလုပ်ပြီး လုံခြုံရေးထိန်းသိမ်းသည့် လုပ်ငန်းကို သက်ဆိုင်ရာ လုံခြုံရေးထိန်းသိမ်းသည့် အဖွဲ့အစည်းများက ကြပ်ကြပ်မတ်မတ် ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် လုပ်ငန်းများဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့မှု၊ တစ်ချိန်တည်းတွင် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိစေရန် ယခုဖြစ်ပေါ်နေသည့် ကောလာဟလများကို ထင်မြင်မှုများ၊ စိုးရိမ်ပူပန်မှုများ မဖြစ်စေရန်၊ ယခုထက်ပို၍ တည်ငြိမ်မှုကို မလိုလားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက မဆိုင်သည့် ဘက်ကို ပုံကြီးချဲ့ပြီး ဆွဲဆန့်လုပ်ကိုင်မှု မရှိရအောင်၊ မတည်ငြိမ်မှုများ ထပ်မံမဖြစ်ပွားရအောင် ထိန်းသိမ်းနိုင်ရန် ကြိုးစားခဲ့မှု၊ စိုးရိမ်ပူပန်မှုများ ရှိနိုင်သော်လည်း စိုးရိမ်ကြောင့်ကြမှုများကို လိုသည်ထက်ပိုပြီး ပြန်လည်တုံ့ပြန်ပါက တစ်ခါတစ်ရံ တိမ်းစောင်းလွဲချော်မှုများ ရှိနိုင်သည့်အတွက် ချိန်ဆဆောင်ရွက်ရန် လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားသည်။


စစ်တွေမြို့ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးမောင်သာစိန် ဆွေးနွေးတင်ပြစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဖြစ်စဉ်အမှန်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်စီစဉ်ထားမှု၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံဉာဏ်များရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျူးလွန်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် အမှန်အတိုင်း သိရှိအောင် တစ်ချိန်တည်းတွင် ဖြေရှင်းဆောင်ရွက်လျက်ရှိမှု၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ် သန်းထွဋ်နှင့် ဦးခင်မောင်တင်တို့က မိတ်ဆက်စကားပြောကြားကြသည်။

ထို့နောက် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ် သူရစန်းလွင်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် မြို့မိမြို့ဖ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် ဒေသခံပြည်သူများက ၎င်းတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များ၊ ခံစားချက်များကို ဆွေးနွေးတင်ပြကြသည်။

စစ်တွေမြို့ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးမောင်သာစိန်က ယခုဖြစ်ပွားမှုမှာ လတ်တလော အခြေအနေဖြစ်သော်လည်း သမိုင်းကြွင်းဆက်အရ အစိုးရအဆက်ဆက်တွင် တာဝန်ရှိကြောင်း၊ အနောက်ဘက်တံခါးသည် ကျိုးပေါက်နေကြောင်း၊ တရားမဝင် ဝင်ရောက်မှုများ များပြားနေကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ဒဏ်ရာကို အမြန်ဆုံးကုသရန် အရေးကြီးကြောင်း၊ ၎င်းတို့နောက် ပါရှိသွားသည့် လက်နက်ခဲယမ်းများကို အမြန်ပြန်ယူနိုင်ရန် လိုအပ်ကြောင်း၊ ယခုဖြစ်စဉ်ကို အခွင့်အခါကောင်းအဖြစ်မှတ်ယူပြီး စဉ်းစားဆုံးဖြတ်ရန် လိုကြောင်း၊ မိမိတို့ မြို့မိ မြို့ဖများအနေဖြင့် ရခိုင်ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

စစ်တွေမြို့ မြို့မိမြို့ဖ အဖွဲ့ဝင်၊ မြို့နယ် စာရေးဆရာအဖွဲ့ဝင် မိုးယံစိုးဝင်းက ယခုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်သတင်းရယူနိုင်မှု အားနည်းခဲ့သည်ဟု သုံးသပ်နိုင်ကြောင်း၊ လာရောက်တိုက်ခိုက်သူများမှာ မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သွားခြင်းဖြစ်ကြောင်း၊ အဓိက ရည်ရွယ်ချက်ကို သိရှိရန်လိုကြောင်း၊ ဘယ်လိုကာကွယ်မလဲဆိုသည်ကို ရဲရဲဝံ့ဝံ့ဖော်ထုတ်ရန် လိုကြောင်း၊ ရခိုင်ပြည်နယ်အရေးကို စဉ်းစားလျှင် နိုင်ငံသားအခွင့်အရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။


ဒေသခံပြည်သူတစ်ဦး ဆွေးနွေးတင်ပြစဉ်

စစ်တွေမြို့မှ မြို့မိမြို့ဖ အဖွဲ့ဝင် ဦးသန်းရွှေက မိမိတို့ ပကတိခံစားနေရသည့် အနေအထားကိုသိရှိရန် လိုပါကြောင်း၊ ၁၉၄၂ ခုနှစ်ကစတင်ပြီး ၂၀၁၆ ခုနှစ်အထိ မိမိတို့ခံစားနေရသည့် ပြဿနာဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်က မွေးဖွားလာသည့် ပြဿနာဖြစ်ပါကြောင်း၊ ပြည်သူ၊ အစိုးရ၊ တပ်မတော်အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ မိမိတို့ကို ယုံကြည်မှုရအောင် ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

ဒေသခံပြည်သူတစ်ဦး ဖြစ်သူ ဦးမောင်ရွှေကျော်က မိမိတို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ပြီး ဗြဟ္မစိုရ်တရား လက်ကိုင်ထားသူများဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားနှင့် နားလည်စာနာမှုရှိပါကြောင်း၊ မိမိတို့၏ လုံခြုံရေးစိတ်ချရရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

ဒေသခံတစ်ဦးက မလေးရှားနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်စဉ် ကြုံတွေ့ခဲ့ရသည့် ကိုယ်တွေ့ဖြစ်ရပ်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံသား ရခိုင်တိုင်းရင်းသားများ၏ စကားကို ယုံကြည်လက်ခံပြီး လိုအပ်သလို ဖြေရှင်းဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဒေသခံတစ်ဦးကလည်း လက်ရှိကြုံတွေ့ခံစားနေရမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က နိဂုံးချုပ်ပြောကြားရာတွင် မြို့မိမြို့ဖများ၏ တင်ပြချက်များမှာ အကြောင်းအရာအားဖြင့် ပြည့်စုံပါကြောင်း၊ မိမိအနေဖြင့် အဆိုပါတင်ပြချက်များကို ဆက်လက်သယ်ဆောင်သွားပြီး တာဝန်ရှိသူများထံ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**


စစ်တွေမြို့ မြို့မိမြို့ဖ အဖွဲ့ဝင်၊ မြို့နယ် စာရေးဆရာအဖွဲ့ဝင် မိုးယံစိုးဝင်း ဆွေးနွေးတင်ပြစဉ်


ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးမောင်ရွှေကျော် ဆွေးနွေးတင်ပြစဉ်


ဒေသခံပြည်သူတစ်ဦး ဆွေးနွေးတင်ပြစဉ်

## ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲတွင် လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆုကို ပဲခူးတိုင်းအရှေ့ခြမ်းအတွက် ဖြူးစာတိုက်ရရှိ

ဖြူး အောက်တိုဘာ ၁၁

နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပသော (၁၄၂)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အနေဖြင့် ကျင်းပသော ဂုဏ်ပြုမှတ်တမ်းတင် ဆုပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းရှိ ၁၄ မြို့နယ်အတွင်း တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဖြူးစာတိုက်ကို လုပ်ငန်းစွမ်းဆောင်ရည်အကောင်းဆုံး စာတိုက်အဖြစ် ရွေးချယ်ခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါဂုဏ်ပြုမှတ်တမ်းလွှာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

# ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ အစ္စလာမ်ဘာသာရေးအဖွဲ့များ သီးခြားစီတွေ့ဆုံ

စစ်တွေ အောက်တိုဘာ ၁၁

**ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ယနေ့ ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား တွေ့ဆုံပြောကြားစဉ် (သတင်းစဉ်)

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထား ဆောင်ရွက်နေကြောင်း၊ အမြန်ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်အရေးသည် ပြည်ထောင်စုအရေးသာ ဖြစ်ကြောင်း၊ သေချာဖြေရှင်းနိုင်ခြင်းက နိုင်ငံပုံရိပ်ကောင်းအဖြစ် ခံယူကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်နယ်ဥက္ကဋ္ဌ ဒေါက်တာ စန်းရွှေက ယခုလုပ်ရပ်ကို အကြမ်းဖက်လုပ်ရပ်အဖြစ် ရှုမြင်မှု၊ မိမိတို့လုံခြုံရေးကို အဓိကထား တိုက်ခိုက်ခြင်းဖြစ်သဖြင့် ပြည်သူများ စိုးရိမ်သောကဖြစ်နေမှု၊ ပါတီများအနေဖြင့် လက်တွဲဆောင်ရွက်လိုမှု၊ ယခုထက် ပိုမိုဆိုးရွားစွာမဖြစ်စေရန် ရေရှည်စီမံဆောင်ရွက်ပေးစေလိုမှုတို့ကို ပြောကြားသည်။

ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသာထွန်းလှက နယ်မြေအတွင်း ခိုးဝင်သူများအား ခေတ်အဆက်ဆက်တွေ့ရမှု၊ ထို့အပြင် ခေတ်အဆက်ဆက် ပြဿနာဖန်တီးနေမှုများ၊ အနောက်ဘက် နယ်စပ်လုံခြုံရေးကို ခြိမ်းခြောက်နေမှု၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်က လွှမ်းမိုးဆောင်ရွက်နေမှု၊ တိုင်းရင်းသားကျေးရွာများ၌ လုံခြုံရေးအပြည့်ထားပေးရန် လိုအပ်မှု၊ မိမိတို့ပါတီက ပူးပေါင်းဆောင်ရွက်လိုမှုတို့ကို ပြောကြားသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပြည်နယ် အလုပ်အမှုဆောင် ဦးအောင်ပန်းသာက ယခုကဲ့သို့ စခန်းသုံးခုကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ သေချာစဉ်းစားရန် လိုပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကို သေချာစိစစ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ရခိုင်မျိုးချစ်ပါတီ ပြည်နယ် အထွေထွေအတွင်းရေးမှူး ဦးမောင်သန်းက ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအတွက် မည်သို့ဆောင်ရွက်မည်နှင့် ဤဒေသရှိ ပြည်သူများကို စောင့်ရှောက်ပေးရန် လိုအပ်မှုတို့ကို ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စစ်တွေမြို့ပေါ်ရှိ ဒုက္ခသည်စခန်းများမှ တာဝန်ခံများ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များအား တွေ့ဆုံပြောကြားစဉ် (သတင်းစဉ်)

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ပြည်နယ် ကော်မတီဝင် ဦးစိန်လှမောင်က မောင်တောကမ်းနားတစ်လျှောက် လုံခြုံရေးဆောင်ရွက်ရန် လိုအပ်မှု၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့က စီမံချက်ဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမျိုးသားရင်ကြားစေ့ရေးကို ဦးစားပေးဆောင်ရွက်နေမှု၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူကို အချိန်နှင့်တစ်ပြေးညီ ချပြဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အားလုံးပူးပေါင်းဆောင်ရွက်မည်ကို သိရ၍ ဝမ်းမြောက်မှု၊ နိုင်ငံရေးကိစ္စ၊ အမျိုးသားရေးကိစ္စအဖြစ် ခံယူမှု၊ ပြည်သူ၊ အစိုးရညီညွတ်စွာ ပူးပေါင်းရန် လိုအပ်မှု၊ လုံခြုံရေးကိစ္စများကို အားလုံးပူးပေါင်း ဆောင်ရွက်ရန် လိုအပ်မှုတို့ကို ပြောကြားခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရှိ ဒုက္ခသည်စခန်းများမှ တာဝန်ခံများ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများက အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့များက မိမိတို့အနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေများကို လိုက်နာရန် အသင့်ရှိကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ် ကန့်ကွက်ရှုတ်ချကြောင်း၊ အားပေးမှုလည်း မရှိကြောင်း၊ အစိုးရကို ပုန်ကန်သည့် မည်သည့်အဖွဲ့အစည်းကိုမဆို လက်မခံကြောင်း၊ အကြမ်းဖက်မှုတွင် ပါဝင်သူများကိုလည်း ဥပဒေအရ ထိထိရောက်ရောက် အရေးယူပေးစေလိုကြောင်း၊ ယခုအကြမ်းဖက်မှုများ မောင်တော၌ ဖြစ်ပွားခဲ့သည်ကို သိရကြောင်း၊ ၂၀၁၂ ခုနှစ်ကလည်း မောင်တော၌ အကြမ်းဖက်မှု ဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးရှိ ပြည်သူများ မြေစာပင်ဖြစ်ခဲ့ရကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်စခန်းသုံးခု တိုက်ခိုက်ခံရမှုများအတွင်း ကျဆုံးခဲ့ကြသူများ၏ မိသားစုများအား ဥရောပသမဂ္ဂမှ ဝမ်းနည်းကြောင်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်စခန်းသုံးခုအား တိုက်ခိုက်ခံရမှုများအတွင်း ကျဆုံးကွယ်လွန်သွားခဲ့ကြသူများ၏ မိသားစုများအား ဥရောပသမဂ္ဂမှ ဝမ်းနည်းစာနာကြောင်း ပြောကြားလိုပါသည်။

ဖြစ်ပွားခဲ့သော ဖြစ်ရပ်အတွက် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်ပြီး တိုက်ခိုက်မှုကျူးလွန်သူများကိုလည်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ဥရောပသမဂ္ဂအနေဖြင့် ပါဝင်ပတ်သက်သူများ အားလုံးအား တာဝန်ရှိရှိ ထိန်းထိန်းသိမ်းသိမ်းပြုမူဆောင်ရွက်ကြပါရန်နှင့် စုံစမ်းစစ်ဆေးမှုများကို ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါသည်။

ဥရောပသမဂ္ဂအနေဖြင့် ယခုကဲ့သို့ အခက်အခဲကြုံတွေ့နေရသည့် ကာလများတွင် မြန်မာနိုင်ငံနှင့် အတူတကွ ရပ်တည်လျက်ရှိပါကြောင်း အောက်တိုဘာ ၁၁ ရက်က ဥရောပသမဂ္ဂ၏ ဖေ့စ်ဘုတ်တွင် ဖော်ပြထားချက်အရ သိရသည်။

**(မြန်မာ့အလင်း)**

# အင်းတော်မြို့နယ်ရှိ မဲဇာချောင်းအတွင်းစက်လှေတိမ်းမှောက်

**အင်းတော် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပိန္နဲကုန်းကျေးရွာအနီးရှိ မဲဇာချောင်းအတွင်း စက်လှေတစ်စင်း တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၀ ရက်က အင်းတော်မြို့နယ် ပိန္နဲကုန်းကျေးရွာအနီးရှိ မဲဇာချောင်းကူးတံတား၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ဒုရဲအုပ်ဝဏ္ဏဆွေ ဦးစီးသည့် အဖွဲ့ဝင်များသည် မဲဇာချောင်းအတွင်း၌ စက်လှေဖြင့် တရားမဝင်သစ်ဖောင်ကို လိုက်လံဖမ်းဆီးစဉ် ၎င်းစီးလာသောစက်လှေ တိမ်းမှောက်သွားရာ ဒုရဲအုပ်ဝဏ္ဏဆွေနှင့်အတူ (၁၂)ဦး ပြောင်းချောနှစ်လက် ပျောက်ဆုံးနေပြီး ၎င်းနှင့်အတူပါလာသူ ရဲတပ်သား ကျော်ထင်စိုး၊ ခင်မောင်တိုးနှင့် စိန်ဦးတို့မှာ မဲဇာတံတားရဲကင်းစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး သိန်းဆွေညွန့်၊ ဒုမြို့နယ်မှူး ဒုရဲမှူး တင်ယုနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေ စုံစမ်းလျက်ရှိရာ ၎င်းတို့နှင့်အတူ ဗန်းမောက်မြို့၌ ညအိပ်အခြေပြုလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့နှင့်အတူ ခေတ္တကသာခရိုင်မှူး ရဲမှူးစိန်ရွှင်သည် အခင်းဖြစ်နေရာသို့ သွားရောက်စုံစမ်းရှာဖွေရန် ဗန်းမောက်မြို့မှ အောက်တိုဘာ ၁၀ ရက်က ထွက်ခွာကာ အထက်ပါဖြစ်စဉ်ကို ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဘားအံမြို့၌ ထိုင်းကုန်စည်ပြပွဲစည်ကားစွာကျင်းပ

**ဘားအံ အောက်တိုဘာ ၁၁**

ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်း၌ မလိခဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ စီစဉ်ကျင်းပသည့်ပထမအကြိမ် ထိုင်းကုန်စည်ပြပွဲ (၂၀၁၆)ကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပဖွင့်လှစ်ခဲ့သည်။

ထိုင်းကုန်စည်ပြပွဲကို ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းနိုင်၊ ထိုင်းနိုင်ငံမှ Organizer မစ္စတာ ပိချိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# တပ်မတော်စစ်ကြောင်းများက မောင်တောမြို့နယ် ကျေးရွာများအတွင်း ဝင်ရောက်ရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူလေးဦး ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၁

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ မောင်တောမြို့နယ် ကျေးရွာများအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ဝင်ရောက်ခိုအောင်း နေထိုင်လျက်ရှိကြောင်း သတင်းများအရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိသည်။**

ထိုသို့ ရှင်းလင်းစဉ် အောက်တိုဘာ ၉ ရက် ည ၈ နာရီခွဲခန့်က ငါးခူရကျေးရွာဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အန်ဒရာမူလာကိန်းနှင့် မော်လဝီဖော်ဒီတာလောင်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခန့်က တောင်ပိုင်ညာကျေးရွာအား ဝင်ရောက်ရှင်းလင်းစဉ် ရွာသားရှစ်ဦးခန့်က ဓား၊ တုတ်များဖြင့် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လာမှုကြောင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက် စီးနင်းတိုက်ခိုက်သူ အလောင်း ခုနစ်လောင်းနှင့် ၎င်းတို့ကိုင်ဆောင်တိုက်ခိုက်ခဲ့သော ဓား၊ တုတ်များအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ မောင်နှမအလယ်ကျေးရွာအတွင်း ကျိုးကန်းပြင်စခန်းဌာနချုပ် လက်နက်တိုက်များ ဖောက်ထွင်းရာတွင် အဓိကပါဝင်သူ နှစ်ဦး ပုန်းခိုနေထိုင်လျက်ရှိကြောင်းနှင့် လက်နက်များ သိုဝှက်ထားကြောင်း သတင်းများအရ တပ်မတော်စစ်ကြောင်းများက အောက်တိုဘာ ၁၁ ရက် နံနက် ၅ နာရီခန့်တွင် ဝင်ရောက်ရှင်းလင်းရာ ဝဲဘက် ခြေထောက်တွင် ဒဏ်ရာများရရှိထားသည့် အစ္စမာန်နှင့် ကျေးရွာတာဝန်ခံ အဘူကာလာမ်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ ၎င်းတို့နှစ်ဦးမှာ ကျိုးကန်းပြင်စခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်စဉ် ပါဝင်ခဲ့သူများဖြစ်ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်ဖြစ်စဉ်များ၌ ပါဝင်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် လက်နက်များ သိုဝှက်ထားသည့်နေရာများကို ရှာဖွေရှင်းလင်းနိုင်ရေး ဖမ်းဆီးရမိသူ အကြမ်းဖက်သမား လေးဦးအား စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



အစ္စမာန်(ဘ)ဆော်ဒူလာမီ



ကျေးရွာတာဝန်ခံ အဘူကာလာမ်(ဘ)အဒူဘော်ရှော

# နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား ၃၀၀ ခန့်က ဝိုင်းဝန်းတိုက်ခိုက်

**နေပြည်တော် အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ပြောင်းပစ်ကျေးရွာ၏ အရှေ့ဘက် မီတာ ၅၀၀ ခန့် နေရာသို့ တပ်မတော်စစ်ကြောင်းမှ ရှင်းလင်းစဉ် တောင်ကုန်းပေါ်၌ အသင့်နေရာယူထားသော အကြမ်းဖက် စီးနင်းတိုက်ခိုက်သူ အင်အား ၃၀ ခန့်က လက်နက်ငယ်များ၊ စက်သေနတ်များဖြင့် တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

ထိုသို့ အပြန်အလှန်ပစ်ခတ်နေစဉ် တပ်မတော်စစ်ကြောင်း နေရာယူထားသည့် နေရာ၏ မြောက်ဘက်နှင့် အနောက်ဘက်တို့မှ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား ၃၀၀ ခန့်က လက်နက်ငယ်များ၊ ဓားနှင့်တုတ်များ ကိုင်ဆောင်၍ ထပ်မံတိုက်ခိုက်လာသဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများထံမှ အလောင်း တစ်လောင်း၊ သေနတ် နှစ်လက်နှင့် ကျည်အိမ်နှစ်ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ သေနတ်နှစ်လက် ပျောက်ဆုံးကာ စစ်သည်တစ်ဦး ဒဏ်ရာရရှိပြီး စစ်သည်လေးဦး နိုင်ငံတော်အတွက် အသက်ပေးစွန့်လွှတ်ခဲ့ရသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားရာ အနီးတစ်ဝိုက်နှင့် ပတ်ဝန်းကျင်ကျေးရွာများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဒီပါဝလီနေ့ကို ရုံးပိတ်ရက်အဖြစ် ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၁**

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်) တနင်္ဂနွေနေ့သည် ဒီပါဝလီနေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ (၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်အဖြစ် ကြေညာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သမိုင်းဝင်လေယာဉ် စီ-၄၇ မန္တလေးမြို့၌ ရပ်နားမည့်ခရီးစဉ် ရွှေ့ဆိုင်း

**မန္တလေး အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ချစ်ကြည်ရင်းနှီးမှုကို ပြသသောအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော သမိုင်းဝင်လေယာဉ်တစ်စင်းဖြစ်သည့် စီ-၄၇ **(အောက်ပုံ)**၏ နောက်ဆုံး ဟမ့်တောင်ကုန်းတစ်လျှောက် ပျံသန်းသည့် ခရီးစဉ်အဖြစ် မန္တလေးမြို့ တံတားဦး လေဆိပ်သို့ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဆင်းသက်မည်ဖြစ်ဟု သတင်းထုတ်ပြန်ထားသော်လည်း အင်ဒိုနီးရှား ဘာလီကျွန်း၌ ရာသီဥတုဆိုးရွားမှုကြောင့် ပျံသန်းမှုခရီးစဉ်အား ရွှေ့ဆိုင်းခဲ့ကြောင်း ဂျက်ဖာဆန်စင်တာ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါလေယာဉ်သည် မြန်မာနိုင်ငံ မန္တလေးမြို့ တံတားဦးလေဆိပ်သို့ သမိုင်းဝင် နောက်ဆုံးခရီးစဉ်အဖြစ် ဆိုက်ရောက်ရန် ဩဂုတ် ၂၀ ရက်တွင် ဆိုက်ရောက်မည်ဟု သတင်းထုတ်ပြန်ခဲ့သော်လည်း ပထမအကြိမ်အဖြစ် အောက်တိုဘာ ၈ ရက်သို့ ပြောင်းလဲသွားပြီး ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁၁ ရက်သို့ ထပ်မံပြောင်းလဲခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ခရီးစဉ်အား ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ဂျက်ဖာဆန်စင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လေယာဉ်ကလည်း သက်တမ်းရင့်လေယာဉ်ဖြစ်တဲ့အပြင် ရာသီဥတုကလည်း ဆိုးရွားနေတဲ့အတွက် ရာသီဥတုဒဏ်ကို မခံနိုင်မှာစိုးတာမို့ ခရီးစဉ်ကို ရွှေ့ဆိုင်းခြင်းဖြစ်ပါတယ်။ ပျံသန်းမယ့်ရက် သေချာရင် ဆိုက်ရောက်မယ့်ရက်ကို တိတိကျကျ ပြန်လည်သတင်းထုတ်ပြန်ပါမယ်" ဟု ၎င်းက ပြောသည်။

ဒုတိယကမ္ဘာစစ် အတွင်းက အန္တရာယ်ကြီးစွာ မောင်းနှင်ပျံသန်းခဲ့ကြသော ကျားပျံများဟု လူသိများခဲ့ပြီး လေယာဉ်မှူးများ စစ်အတွင်းက စစ်အောင်နိုင်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ကြိုးစားအားထုတ်ရန် ဤခရီးလမ်းကြောင်းတွင် လှုပ်ရှားသွားလာခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဟမ့်တောင်ကုန်းတစ်လျှောက်ခရီးစဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မဝင်ရောက်မီ ဟိမဝန္တာတောင်တန်းပေါ်မှ ပျံသန်းသွားသည့် ခရီးကို ခေါ်ဆိုကြခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်လေယာဉ်မှူးများ အသုံးပြုပျံသန်းမောင်းနှင်ခဲ့ရသည့် အန္တရာယ်အကြီးမားဆုံး လေကြောင်းခရီးစဉ်တစ်ခုဖြစ်ကြောင်း ဤခရီးစဉ်ကို ပျံသန်းမောင်းနှင်ခဲ့ကြသည့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောလေယာဉ်မှူးများကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ဒေသတွင်းငြိမ်းချမ်းရေးကို ထိန်းသိမ်းရေးအတွက် ဆက်လက်၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






# မိုင်းနင်းမိ ဒဏ်ရာရလူနာများအား ကြည့်ရှုထောက်ပံ့

**မိုင်းရှူး အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် တောင်ပိုင်း မိုင်းရှူးမြို့နေ ဦးလုံးကူ (၆၄ နှစ်)နှင့် မြေးဖြစ်သူ မနန်းကြိုင်အသက်(၉ နှစ်)တို့သည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက မိုင်းရှူးမြို့နယ် မော်မိတ်ကျေးရွာရှိ ပြောင်းစိုက်ခင်းသို့ သွားရောက်စဉ် SSA (ဝမ်ဟိုင်း)အဖွဲ့မှ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိသဖြင့် နှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့ကြရာ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းရသည်နှင့်တစ်ပြိုင်နက် နယ်မြေခံတပ်မတော်သားများက သွားရောက်၍ လိုအပ်သော အရေးပေါ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီးနောက် မိုင်းရှူးပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ကာ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရ ဒေသခံနှစ်ဦးအား နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးက တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် အစားအစာများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ယဉ်ကျေး**

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၁**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ယနေ့ နံနက်ပိုင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သက်ဆိုင်ရာ ကော်မတီများမှ တာဝန်ရှိသူများက တည်းခိုရေးနေရာနှင့် ပြိုင်ပွဲကျင်းပမည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လာရောက်မည့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကော်မတီများ၏ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဒိုင်များ၊ ပြိုင်ပွဲဝင်များအတွက် တည်ခိုရေးနေရာနှင့် ပြိုင်ပွဲကျင်းပမည့်နေရာနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆပ်ကော်မတီမှ အမှတ်(၃) တပ်မတော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်မှူး ဒုတိယဗိုလ်မှူးကြီး နေလင်းထွန်းက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃) တပ်မတော်စစ်ကြောရေးနှင့် တည်းခိုရေးတပ်နှင့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နယ်မြေရှိ ပြိုင်ပွဲကျင်းပမည့်နေရာများ၌ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၁၁**

လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Jean Asselborn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

# (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(က) တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(ခ) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေးစရိုက် လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး၊

(ဃ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(င) ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေး။

***ကျောဖုံးမှ***

အလုပ်သမားများသည် နိုင်ငံကူးလက်မှတ်အမျိုးအစား Job Passport ဖြင့် လျှောက်ထားရာတွင် အခက်အခဲရှိပါက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီမှတစ်ဆင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ သွားရောက်ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Job Passport ဖြင့် ဆောင်ရွက်ရန် အကြောင်းကြားထားပါကြောင်း အလုပ်သမားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

# ရဲလုပ်ငန်းစဉ်များရာနှုန်းပြည့် ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် မြေပြင်၌ မှုခင်းများဖြစ်ပွားနေခြင်းဖြစ်ကြောင်း လုံ/နယ် ဝန်ကြီးပြောကြား

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းများလျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး ရဲလုပ်ငန်းစဉ် စီမံချက်များကို ရေးဆွဲဆောင်ရွက်လျက်ရှိသော်လည်း စီမံချက်ပါအတိုင်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခြင်း မရှိသေးသောကြောင့် မြေပြင်၌ မှုခင်းများ ဖြစ်ပွားနေရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြောကြားသည်။

ယနေ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) အစည်းအဝေးတွင် မရမ်းကုန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေကို မည်သို့စီမံချက်များ ချမှတ်လုပ်ဆောင်နေပါသလဲ မေးမြန်းမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် ဓာတ်ပုံ- မင်းထက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး ရေးဆွဲဆောင်ရွက်ထားသော စီမံချက်များမှာ မှုခင်းလျော့နည်းကျဆင်းရေးစီမံချက်၊ လောင်းကစားမှု ပပျောက်ရေးစီမံချက်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်၊ ဒုစရိုက်မှု ပပျောက်ရေးစီမံချက်၊ သက်ငယ်မုဒိန်းမှု မဖြစ်ပွားစေရေးစီမံချက်၊ မုဒိန်းမှု လျော့နည်းကျဆင်းရေးစီမံချက်၊ ခိုး၊ ဆိုး၊ လု၊ နှိုက်မှုများ လျော့နည်းကျဆင်းရေးစီမံချက်၊ ခါးပိုက်နှိုက်ဖမ်းဆီးရေးစီမံချက်၊ ရက်(၁၀၀) စီမံချက်နှင့် ရပ်ရွာအခြေပြု ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှု စီမံချက်တို့ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ထိရောက်သော ကြိုတင်ကာကွယ် ဖမ်းဆီးမှုများအနေဖြင့် ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွင်း နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ဖမ်းဆီးမှုမှာ ၃၁၀၇၃ မှုရှိခဲ့ပြီး ယင်းသုံးနှစ်အတွင်းတွင် အများဆုံးဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ထိရောက်သော ကြိုတင်ကာကွယ်ဖမ်းဆီးမှု ၂၁၈၄၀၊ ၂၀၁၅ ခုနှစ်တွင် ၂၄၆၂၂ မှုတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ယခု ထိရောက်သော ကြိုတင်ကာကွယ်ဖမ်းဆီးမှုများမှာ လောင်းကစားမှု၊ လက်နက်ပုန်း၊ ယစ်မျိုး၊ ပြည့်တန်ဆာ၊ မူးယစ်ဆေးဝါး၊ ခြေချုပ်၊ ရဲအက်၊ ကျင့် ၅၄၊ ၅ (ည) ဆင်ဆာမဲ့ဗီဒီယိုနှင့် မော်တော်ယာဉ် စသည့် အမှုများဖြစ်သည်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်က ရဲတပ်ဖွဲ့အင်အား မလုံလောက်မှုကို ဖြည့်ဆည်းရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲ မေးခွန်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအင်အားမှာ မြန်မာနိုင်ငံ၌ အများဆုံးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအင်အားအနေဖြင့် အရာရှိ ၁၃၈၇ ဦး၊ အခြားအဆင့် ၆၂၈၂ ဦး စုစုပေါင်း ၇၆၆၉ ဦးရှိ၍ ရာခိုင်နှုန်းအနေဖြင့် ၇၉ ဒသမ ၂ ရာခိုင်နှုန်းရှိသဖြင့် မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအင်အားအရ အများဆုံးဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင်အင်အားမှာ မန္တလေးတိုင်းဒေသကြီး၌ ဖွဲ့စည်းပုံရဲ့ ၆၅ ရာခိုင်နှုန်း၊ အခြားတိုင်းဒေသကြီးများတွင် ၅၀ ရာခိုင်နှုန်းစီနှင့် ကရင်၊ ကယား၊ ချင်းနှင့် မွန်ပြည်နယ်တို့၌ ၄၀ ရာခိုင်နှုန်းစီသာ ခန့်ထားတာဝန်ထမ်းဆောင်လျက်ရှိကြောင်းနှင့် နိုင်ငံတစ်ဝန်း ရဲအင်အားတိုးပွားဖြည့်တင်းရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ရပ်ရွာအခြေပြု Community Based Policing လုပ်ငန်းကို ယခုနှစ် ဇွန် ၁၄ ရက်က စတင်အကောင်အထည်ဖော်ခဲ့ရာ ကနဦး လေးမြို့နယ်အဖြစ် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ကမာရွတ်၊ သန်လျင်နှင့် လှိုင်သာယာမြို့နယ်တို့၌ Pilot Project အဖြစ် စတင်ဆောင်ရွက်ခဲ့ရာ နယ်မြေခံပြည်သူများက လက်ခံပြီး မှုခင်းဖြစ်ပွားမှု သိသိသာသာလျော့နည်းလာ၍ ဩဂုတ် ၁ ရက်မှစတင်ကာ နောက်တိုးရှစ်မြို့နယ်ဖြစ်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ သာကေတ၊ စမ်းချောင်း၊ မရမ်းကုန်း၊ ဒလ၊ တွံတေး၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိသည်။ ယင်းနောက် ယခု အောက်တိုဘာ ၁ ရက်မှ စတင်၍ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံအရှေ့၊ သင်္ဃန်းကျွန်း၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗဟန်းနှင့် ရွှေပြည်သာမြို့နယ်တို့၌လည်း တိုးချဲ့ပြီး ထပ်မံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# နယ်ထိန်းမွမ်းမံသင်တန်းနှင့် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း (ဆင့်ပွား) သင်တန်းဖွင့်

**မော်လမြိုင် အောက်တိုဘာ ၁၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော နယ်ထိန်း(အခြားအဆင့်) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက အမှာစကားပြောကြားသည်။

အလားတူ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၅/၂၀၁၆) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက်က မော်လမြိုင်မြို့နယ်ရှိ ပြည်နယ်ရဲအကူတပ်ဖွဲ့ အတ္ထရံသင်တန်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# အမြင်အာရုံကောင်းမွန်ရေး ပိုမိုလက်တွဲကြိုးပမ်းပေး

**ဒေါက်တာလှမာလာ၊ ဓာတ်ပုံ-မင်းမင်းလတ်**

နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလဒုတိယပတ်၏ ကြာသပတေးနေ့ကို ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ဟုသတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာနှင့် အဝန်းကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်ပြီး နေပြည်တော် ဗဟိုအဆင့်တွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံးတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြတော့မည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၏ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့၏ဆောင်ပုဒ်မှာ "အမြင်အာရုံကောင်းမွန်ရေး ပိုမိုလက်တွဲကြိုးပမ်းပေး" ဟုဖြစ်ပါသည်။ ဆိုလိုရင်းမှာ ပြည်သူတစ်ရပ်လုံး၏ မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စေရေးအတွက် ကဏ္ဍအသီးသီးမှ ပိုမိုအားဖြည့်ပြီး လက်တွဲဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) မှ ချမှတ်ထားသော Vision ၂၀၂၀ စီမံချက်၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၉ ခုနှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ၏ ၂၅ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိရာ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့်ရှိရာ အမြင်အာရုံချို့တဲ့သူပေါင်း ၂၄၆ သန်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၃၉ သန်းခန့်ရှိပါသည်။ ၎င်းတို့၏ ၆၅ ရာခိုင်နှုန်းမှာ အသက် ၅၀ နှင့်အထက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အမြင်အာရုံချို့တဲ့သူများ၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးနိုင်ငံများမှဖြစ်ကြပြီး မျက်စိရောဂါများ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရနိုင်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း ကာကွယ်ကုသနိုင်သော မျက်စိရောဂါများမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါကြောင့်ဖြစ်သော ရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မျက်စိအတွင်းတိမ်ရောဂါကို ထိထိရောက်ရောက် ကာကွယ်ကုသပေးနိုင်လျှင် မျက်မမြင်လျော့နည်းရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် မျက်စိဆရာဝန်ဦးရေပေါင်း ၃၃၀ ခန့်ရှိနေပြီဖြစ်သည့်အတွက် လူဦးရေတစ်သိန်းခွဲတွင် မျက်စိဆရာဝန်တစ်ဦးနှုန်းဖြင့် စောင့်ရှောက်မှုပေးနိုင်ပြီဖြစ်ပါသည်။ WHO ၏ ရည်မှန်းချက်ဖြစ်သော အတွင်းတိမ်ခွဲစိတ်မှုနှုန်း (Cataract Surgical Rate) မှာ လူဦးရေတစ်သန်းလျှင် သုံးထောင်သတ်မှတ်ထားရာ ယခုအခါတွင် အတွင်းတိမ်ခွဲစိတ်မှုနှုန်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၀၃၈ အထိ တိုးတက်လာပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်မျက်ခမ်းစပ်ရောဂါသည် WHO ၏ ကင်းစင်ပပျောက်ကြောင်း ရည်မှန်းချက်များ (Elimination Criteria for Trachoma) ဖြစ်သည့် ကူးစက်မျက်ခမ်းစပ်ဖြစ်ပွားနှုန်း ၁နှစ်မှ ၉နှစ်အထိ ကလေးများ ၏ ၅ ရာခိုင်နှုန်း အောက်



သို့ကျဆင်းရေးနှင့် မျက်တောင်စိုက် မျက်တောင်မွေးစူးရောဂါဖြစ်ပွားနှုန်းကို ၀ ဒသမ ၁ ရာခိုင်နှုန်းအောက်သို့ လျော့ကျစေရေးတို့မှာ ပြည့်မီနေပြီဖြစ်ပါသည်။

နိုင်ငံတော်ရဲ့ဦးဆောင်မှု ဝန်ကြီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှု၊ ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် မျက်ခမ်းစပ်ရောဂါကဲ့သို့ ကူးစက်နိုင်သည့် မျက်စိရောဂါများ လျော့နည်းသွားသော်လည်း အတွင်းတိမ်ရောဂါနှင့်အတူ ဆီးချို၊ သွေးတိုး စသည့်ရောဂါများ၏နောက်ဆက်တွဲ မျက်စိရောဂါပြဿနာများ၊ ကလေးသူငယ်မျက်စိရောဂါများမှာ ဦးမော့လာနေပါသည်။ ဆီးချို၊ သွေးတိုးကြောင့်ဖြစ်ပွားသည့် မျက်စိရောဂါများအတွက်လည်း မကူးစက်တတ်သောရောဂါများ (Non communicable diseases) ကြိုတင်ကာကွယ်ရေးစီမံချက်နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

မျက်မမြင်ကာကွယ်ရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် (National Stakeholder Meeting ) အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပနိုင်ခဲ့ပြီး (၂၀၁၆ မှ ၂၀၂၀ အထိ) အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထုအခြေပြု၍ အသက် ၅၀ နှစ်အထက် လုပ်သားပြည်သူများတွင် တွေ့ရှိရသည့် မျက်စိအမြင်အာရုံချို့တဲ့ရခြင်း အကြောင်းအရင်းများကို အလျင်မြန်ဆုံး၊ အရိုးရှင်းဆုံးနည်းလမ်းများဖြင့် ရှာဖွေဖော်ထုတ်ကုသပေးနိုင်ရန်အတွက် ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း (Rapid Assessment of Avoidable Blindness Survey) ကိုလည်း နှစ်စဉ်ခရိုင်သုံးခုတွင် စစ်တမ်းကောက်ယူနိုင်ခဲ့ပါသည်။ ပြီးစီးခဲ့သောစစ်တမ်းများအရ မျက်မမြင်နှုန်းမှာ (၁ ဒသမ ၅ ရာခိုင်နှုန်း) မှ (၁၀ ရာခိုင်နှုန်း)အထိ တွေ့ရှိခဲ့ရပါသည်။ ဆက်လက်ပြီး ၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားမျက်မမြင်နှုန်းစစ်တမ်း (National Blindness Survey) ကောက်ယူနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု (Primary Eye Care)ကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်စေရန် ကျောင်းများအတွင်း မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျေးလက်နေပြည်သူလူထုအထိကွင်းဆင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို နီးနွယ်ဌာနများဖြစ်သည့် ကျောင်းကျန်းမာရေး၊ အာဟာရ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကူးစက်တတ်သောရောဂါများကာကွယ်ရေးဌာန စသည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် ဆောင်ရွက်လျက်ရှိပါသည်။

ယခုကဲ့သို့မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံကြီးများရှိ မျက်စိကုဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ် ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူတစ်ရပ်လုံးအနေနှင့်လည်း မျက်စိကျန်းမာရေးကို အလေးထားပြီးစမ်းသပ်စစ်ဆေးမှုခံယူကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# မီဒီယာသမားများအတွက် မူးယစ်ဆေး၊ အိတ်ချ်အိုင်ဗွီနှင့် အန္တရာယ်လျှော့ချရေးအကြောင်း အထူးပြုသင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၁**

Internews နှင့် UNAIDS တို့ပူးပေါင်း၍ မူးယစ်ဆေး၊ HIV နှင့် အန္တရာယ်လျှော့ချရေးအကြောင်း အထူးပြု သတင်းရေးသားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် လေးရက်တာ ကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှတွင် HIV ကူးစက်ပြန့်ပွားမှု အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့်အခြေအနေတွင် မီဒီယာများ၏ သတင်းရေးသားဖော်ပြမှုသည် အဓိကကျသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။

ယခုလက်ရှိ မြန်မာနိုင်ငံသတင်းမီဒီယာများ၏ HIV သတင်းရေးသားဖော်ပြမှုများသည် အလွန်အမင်းနည်းပါးနေပြီး အချို့သတင်းများသည် HIV ကာကွယ်ရေး၊ လျှော့ချရေးလုပ်ငန်းစဉ်များကို ထိခိုက်စေခြင်း၊ လူမှုအသိုက်အဝန်းအတွင်း HIV ကူးစက်ခံထားရသူများကို ခွဲခြားဆက်ဆံခြင်းအားတစ်နည်းနည်းဖြင့် လှုံ့ဆော်ခြင်းကဲ့သို့သော အရေးအသားများ တွေ့မြင်နေရပါသည်။ ယခုသင်တန်းသည် ထိုအားနည်းချက်များကို ဖြည့်ဆည်းရန်အတွက် သာမက ကချင်ပြည်နယ်ရှိ မူးယစ်ဆေးဝါးနှင့် ယင်းကြောင့် ဖြစ်ပွားသော ကျန်းမာရေးနောက်ဆက်တွဲ ပြဿနာများနှင့် HIVနှင့် ဆက်စပ်ပုံ၊ အန္တရာယ်လျှော့ချရေးဝန်ဆောင်မှုအကြောင်းတို့ကို အထူးပြု လေ့လာရေးသားနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် - HIV/AIDS နှင့် ပတ်သက်သည့် နောက်ဆုံးထုတ်ပြန်ချက်များ၊ သတင်းအချက်အလက်များကို UNAIDS က ထုတ်ပြန်မည့် အစီအစဉ်များ၊ HIV အရေး ဆောင်ရွက်နေသော နိုင်ငံတကာ NGOs များ၊ ကချင်ပြည်နယ် အခြေစိုက် ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ၏ ဆွေးနွေးဟောပြောချက်များအပြင် မူးယစ်ဆေးဝါး ထိုးသွင်းသုံးစွဲသူများ (PWID)နှင့် အပြန်အလှန် စကားပြောဆိုနိုင်မည့် အခွင့်အရေး စသည့် အစီအစဉ်များ ပါဝင်မည့်အပြင် HIV/AIDS နှင့် သက်ဆိုင်သော သတင်းများ ရေးသားထုတ်လုပ်ရာတွင် ဆောင်ရန်၊ ရှောင်ရန်နှင့် အသုံးအနှုန်းများ၊ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်း ပါဝင်တက်ရောက်သူများအကြား အပြန်အလှန် ဆွေးနွေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို မြစ်ကြီးနားမြို့တွင် နိုဝင်ဘာ ၁ ရက်မှ ၄ ရက် အထိ ကျင်းပသွားမည် ဖြစ်သောကြောင့် တက်ရောက်လိုသည့် မီဒီယာများ အောက်ပါ လင့်တွင် လျှောက်လွှာ ဒေါင်းယူနိုင်ပြီး Internews.mm@gmail.com သို့ အောက်တိုဘာ ၂၂ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။ **ကျော်ထူး**



# မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ပထမအကြိမ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်ဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက Horizon Lake View Resort Hotel ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ကျော်ဝင်း ဦးဆောင်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ် ဖွဲ့၊ စီမံကိန်းဌာန၊ ဌာနမှူးရဲမှူးကြီးဇော်လင်းထွန်း၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ရဲမှူးချုပ် ကျော်ဝင်းကအမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ စီမံကိန်းဌာန၊ ဌာနမှူးရဲမှူးကြီး ဇော်လင်းထွန်းက ဆွေးနွေးပွဲလုပ်ငန်းစဉ်များနှင့် နိုင်ငံတကာမူဝါဒစံနှုန်းများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များမှ လုပ်ငန်းအဖွဲ့ခေါင်းစဉ်များအလိုက် အဖွဲ့များခွဲ၍ ဆွေးနွေးပြီး ဆွေးနွေးပွဲအပေါ် အဖွဲ့အလိုက် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မူးယစ်ကင်းစင်နယ်မြေအဖြစ် တရားဝင်ဆိုင်းဘုတ်စိုက်ထူ

**ရေး အောက်တိုဘာ ၁၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်ဖြစ်သော သီရိမာလာရပ်ကွက် ဇီးဖြူသောင်ကျေးရွာနှင့် လမိုင်းမြို့မြို့မ-၂ ဒုံသမီကျေးရွာတို့ကို အောက်တိုဘာ ၁၁ ရက်မှ စတင်ကာ မြို့နယ်ရဲတပ်ဖွဲ့မှ မူးယစ်ကင်းစင်နယ်မြေအဖြစ် တရားဝင်သတ်မှတ်ထား၍ ဆိုင်းဘုတ်စိုက်ထူထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

ရေးမြို့နယ်မူးယစ်တပ်ဖွဲ့စု ၃၉ မှ ဒုရဲမှူးသန်းဇော်က တာဝန်ယူထမ်းဆောင်ခဲ့သော ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ယနေ့အချိန်အထိ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သောအမှုမှာ ၂၈ မှုရှိပြီး စိတ်ကြွဆေးပြား ၂၅၀၃ ပြား၊ ဒိုင်ယာဇီပင် ၂၉ ပြား သိမ်းဆည်းရမိပြီး အမျိုးသား၊ အမျိုးသမီး ပြစ်မှုကျူးလွန်သူ ၃၆ ဦး ရှိရာ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ၁၃ ဦးကို အမှုဖွင့်အရေးယူထားကြောင်း ဒုရဲမှူးသန်းဇော်က ပြောသည်။

"ဖမ်းဆီးရတဲ့ နောက်ဆုံးအခြေအနေမှာ လက်နက်ခဲယမ်းတပ်ဖွဲ့ဝင်အင်အားတွေနဲ့ ပြည်သူလူထုပူးပေါင်းပါဝင်မှုတွေမှာ လိုအပ်မှုရှိနေဆဲဖြစ်ပြီး မူးယစ်ဆေးပြားများမှာ မြဝတီ၊ မော်လမြိုင် ဘုရားသုံးဆူဘက်ကနေ အဓိကသယ်ဆောင်ရာလမ်းကြောင်းဖြစ်ပါတယ်"ဟု ဒုတိယရဲမှူး သန်းဇော်က ဆက်လက်ပြောပြသည်။

မူးယစ်ဆေးဝါးကင်းစင်နယ်မြေများ သတ်မှတ်ထားသော်လည်း သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုအချို့က ယခင်အချိန်ကာလတွေထက် ဖမ်းဆီးအရေးယူ ပညာပေးမှုများကို အရှိန်မြှင့် လုပ်ဆောင်လာခဲ့ခြင်းကြောင့် လျော့နည်းကျဆင်းလာသော်လည်း သုံးစွဲသူအနည်းငယ် ကျန်ရှိနေသေးကြောင်း ၎င်းတို့၏အမြင်သဘောထားများကို ပြောသည်။

**နေမျိုးထွဋ် (ရေး)**

# ပင်လယ်ရေအောက်ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုစာချုပ်တူရကီနှင့် ရုရှားချုပ်ဆို

**အစ္စတန်ဘူလ် အောက်တိုဘာ ၁၁**

တူရကီနှင့် ရုရှားသည် တနင်္လာနေ့က ပင်မရေအောက်ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရန် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ တူရကီက ရုရှားစစ်လေယာဉ်ကို



ပစ်ချခဲ့ပြီးနောက် တစ်နှစ်နီးပါးအကြာတွင် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်လာခဲ့သည်။ တူရကီသမ္မတတေရစ်အာဒိုဂန်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်အား အစ္စတန်ဘူလ်ရှိ အော်တိုမန်ခေတ်အဆောက်အအုံ စံအိမ်တော်၌ ကြိုဆိုညှိခံခဲ့သည်။ ဆွေးနွေးပွဲတွင် စွမ်းအင်စာချုပ်ချုပ်ဆိုမှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကာကွယ်ရေးနှင့် ဆီးရီးယားတွင် ပဋိပက္ခဖြစ်ပွားနေမှုအကြောင်းအရာများပါဝင်သည်။

နှစ်နိုင်ငံလုံးသည် စီးပွားရေးကျပ်တည်းမှုကို ရင်ဆိုင်နေရသည်ဖြစ်ရာ တူရကီရှိ နေတိုးအဖွဲ့ဝင်များနှင့် ရုရှား၏ ဆက်ဆံရေးမှာ ရင်းနှီးနွေးထွေးမှုရှိလာသည်။ Turkstream ပင်လယ်ရေအောက် ဓာတ်ငွေ့ပိုက်လိုင်းစာချုပ်ကို တူရကီနှင့် ရုရှားနှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ စာချုပ်သည် ဥရောပဓာတ်ငွေ့ဈေးကွက်တွင် ရုရှား၏ တည်ရှိမှုကို ပိုမိုအားကောင်းလာစေကာ ရုရှား၏ ပင်မဓာတ်ငွေ့လမ်းကြောင်းဖြစ်သည့် ယူကရိန်းမှတစ်ဆင့် ဥရောပသို့ စွမ်းအင်ထောက်ပံ့မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

## ဆော်ဒီလေကြောင်းတိုက်ခိုက်မှုကြောင့် အစိုးရထောက်ခံ တိုက်ခိုက်ရေးသမား ရှစ်ဦးကျဆုံး

**အေဒင် အောက်တိုဘာ ၁၁**

ယီမင်တောင်ပိုင်း အဘရန်ပြည်နယ်တွင် တနင်္လာနေ့က ဆော်ဒီဦးဆောင်သည့် စစ်လေယာဉ်များ၏ ပုံးကြဲတိုက်ခိုက်မှုကြောင့် အစိုးရကိုထောက်ခံသည့်တိုက်ခိုက်ရေးသမားရှစ်ဦးထက်မနည်း ကျဆုံးကာ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံမျိုးနွယ်စုအကြီးအကဲ တစ်ဦးက ပြောကြားခဲ့သည်။

ဆော်ဒီဦးဆောင်သည့် တိုက်လေယာဉ်များသည် အစိုးရထောက်ခံသည့်တိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသည့် နေရာများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှု သုံးကြိမ် လုပ်ဆောင်ခဲ့ရာ တိုက်ခိုက်ရေးသမား ရှစ်ဦးသေဆုံးခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူ တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကြောင့် ယီမင်တောင်ပိုင်းတွင် ဟူသီသူပုန်များနှင့်ရင်ဆိုင်နေရသည့် ဆော်ဒီကျောထောက်နောက်ခံပြုထားသော အစိုးရအင်အားစုများနှင့် မဟာမိတ်ပြုထားသည့် တိုက်ခိုက်ရေးသမားများကို အကြီးအကျယ် ဒေါသထွက်စေခဲ့သည်။ **(ဆင်ဟွာ)**

## ကုန်တင်သင်္ဘောတစ်စင်း ဗီယက်နမ်နိုင်ငံ ကွန်ကိုကျွန်းအနီးတိမ်းမှောက်၊ တစ်ဦးသေဆုံး

**ဟန္နိုင်း အောက်တိုဘာ ၁၁**

ခရီးသည် ၄၄ ဦး တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်းသည် ဗီယက်နမ်အလယ်ပိုင်း ကွမ်ထရီပြည်နယ် ကမ်းလွန်ပင်လယ်ပြင်တစ်နေရာတွင် နစ်မြုပ်ခဲ့မှုကြောင့် တစ်ဦးသေဆုံးခဲ့ကာ ၄၃ဦးအားကယ်တင်ခဲ့ရကြောင်း အောက်တိုဘာ ၁၁ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ ဟန္နိုင်းမြို့တောင်ဘက် ကီလိုမီတာ ၄၈၀ ဝေးကွာသောနေရာတွင် အဆိုပါသင်္ဘောမှာ ကွမ်ထရီကွာတန်ဆိပ်ကမ်းမှ ကွန်ကိုကျွန်းသို့ ဦးတည်ခုတ်မောင်းနေစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ကွန်ကိုကျွန်းနှင့် ငါးကီလိုမီတာအကွာတွင် ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် အဆိုပါသင်္ဘောမှာ ရုတ်တရက်နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် ခရီးသည်တစ်ဦးသေဆုံးခဲ့ပြီး ကျန်ခရီးသည် ၄၃ဦးအား ငါးဖမ်းလှေများမှကယ်ဆယ်ခဲ့ကြောင်းသိရသည်။ **(ဆင်ဟွာ)**

## ယူအေအီးတွင် တည်ဆောက်နေသော တာဝါသည် ကမ္ဘာ့အမြင့်ဆုံးဖြစ်လာမည်

**ဒူဘိုင်း အောက်တိုဘာ ၁၁**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် တည်ဆောက်ဆဲဖြစ်သော "the Tower at Dubai Creek Harbour" တာဝါကို ခရီးသွားများက အထူးစိတ်ဝင်စားလျက်ရှိပြီး ၂၀၂၇ ခုနှစ်တွင် တည်ဆောက်မှု ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။ တည်ဆောက်မှုပြီးဆုံးပါက ယင်းတာဝါသည် ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံဖြစ်လာမည်ဖြစ်ကြောင်းနှင့် တာဝါတည်ဆောက်မှုပုံစံကို စပိန်နွယ်ဖွား ဗိသုကာပညာရှင် ဆန်တီယာဂို ကာလာ ထရာဗာက ပုံစံထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယူအေအီးနိုင်ငံသည် အရှေ့အလယ်ပိုင်းတိုင်းပြည်များတွင် အိမ်ရာလုပ်ငန်းအဖွံ့ဖြိုးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။

(ဆင်ဟွာ)

# အာရှ၌ ဇီကာဗိုင်းရပ်စ်အကြီးအကျယ်ကူးစက်ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သတိပေး

**စင်ကာပူ အောက်တိုဘာ ၁၁**

အာရှဒေသတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုပြင်းထန်လာနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတိပေးပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀ ကျော်ရှိနေကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှုနှင့် ဆက်နွယ်သည့်မိုက်ခရိုဆယ်ဖလီခေါ် ဦးခေါင်းသေးငယ်သည့် ကလေးမွေးဖွားမှုနှစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အတည်ပြုခဲ့သည်။

ခြင်မှ ကူးစက်ပြန့်ပွားသည့်ဇီကာဗိုင်းရပ်စ်ကူးစက်မှုသည် ကမ္ဘာ့နိုင်ငံပေါင်း ၇၀ တွင် ဖြစ်ပွားလျက်ရှိပြီး အာရှပစိဖိတ်ဒေသ ၁၉ ခုတွင် ကူးစက်ပျံ့နှံ့လာနေသည်။

WHO အဖွဲ့၏ ဒါရိုက်တာ မာဂရက်ချန်က ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်မည့် နည်းလမ်းများရှာဖွေနေကြောင်း



သိရသည်။ သိပ္ပံပညာရှင်များအနေဖြင့် ရောဂါကူးစက်မှုနှင့် ပတ်သက်သည့် အရေးကြီး သော မေးခွန်းများကို ယခုထိ အဖြေပေးနိုင်ခြင်း မရှိသေးကြောင်း မာဂရက်ချန်က မြို့တော်မနီလာ၌ ပြုလုပ်သည့် WHO ၏ ဒေသတွင်း နှစ်စဉ် ပုံမှန်အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ်သည် အာရှ၌ ဆယ်စုနှစ်များစွာကြာအောင် ရှိနေခဲ့သည်။ သို့သော်လည်း အကြီးအကျယ် ကူးစက်ဖြစ်ပွားမှုမှာ ဘရာဇီး၌ စတင်ခဲ့သည်။ **(ဘီဘီစီ)**



# အတိုက်အခံရှပ်နီခေါင်းဆောင်အား ထိုင်းတရားရုံးက ထောင်ဒဏ်ချမှတ်

**ဗန်ကောက် အောက်တိုဘာ ၁၁**

အတိုက်အခံ ရှပ်နီအုပ်စုခေါင်းဆောင်က အောက်တိုဘာ ၁၁ ရက်တွင် ထိုင်းရုပ်မြင်သံကြားတွင် နိုင်ငံရေးအကြောင်း ဟောပြောစဉ် အခြားသူများပေါ် ကြမ်းတမ်းသော အသုံးအနှုန်းများသုံးစွဲခဲ့သောကြောင့် ထိုင်းတရားရုံးက ၎င်းအား ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၂၀၀၆ခုနှစ်က ရာထူးမှ ဖယ်ရှားခံရသော ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်တရာနှင့် ၂၀၁၄ အာဏာသိမ်းမှုတွင် ရာထူးမှ ဖြုတ်ချခံရသော ၎င်း၏ညီမဖြစ်သူ ယင်လပ်ရှင်နာဝပ်တရာတို့၏ သစ္စာတော်ခံဖြစ်သူ ဂျတုပွန် ပရွန်ပန်သည် ရှပ်နီအုပ်စုတွင် အဓိကခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံကို စစ်အစိုးရက ၂၀၁၄ ခုနှစ် မေလတွင် အာဏာသိမ်းခဲ့ပြီးနောက် သဘောထားကွဲလွဲသူများ၊ ဝေဖန်သူများအား ဖိနှိပ် ချုပ်ချယ်မှုများပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့သူများတွင် ရှပ်နီများမှာအများဆုံးဖြစ်ကြောင်းသိရသည်။

ဂျတုပွန်နှင့် အပေါင်းပါ ၁၈ဦးကို ၂၀၁၀ပြည့်နှစ်က အကြမ်းဖက်မှုဖြင့် စွဲချက်တင်ခဲ့သော်လည်း တရားရုံးက တည်ငြိမ်မှုပျက်ပြားခြင်း၊ အခြားသူများအား ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခြင်းမရှိဟုဆိုကာ ၎င်းအားလွှတ်ပေးလိုက်သည်။

(ရိုက်တာ)

# ပြည်တွင်းငြိမ်းချမ်းရေးအတွက် လူပေါင်းသုံးသောင်း လက်မှတ်ရေးထိုးထောက်ခံ

**ရန်ကုန် အောက်တိုဘာ ၁၁**

(၂၁) ရာစု ပင်လုံညီလာခံ ထောက်ခံကြိုဆိုခြင်းနှင့် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး လက်မှတ်ရေးထိုး လှုပ်ရှားမှုသဘောထား ထုတ်ပြန်ကြေညာချက်နှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပခဲ့သည်။

“ကျွန်တော်တို့ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု အင်အားစုအနေနဲ့ ပြည်သူ ရွေးကောက်တင်မြှောက်တဲ့ အစိုးရလက်ထက်မှာ (၂၁) ရာစုပင်လုံညီလာခံကြီးကို ထောက်ခံကြိုဆိုတဲ့အနေနဲ့ ပြည်တွင်း ပြည်ပမှ မြန်မာပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒကို ဖော်ထုတ်တင်ပြလိုတဲ့အတွက် ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်လတာ ကာလအတွက် (၂၁) ရာစုပင်လုံညီလာခံကို ထောက်ခံကြိုဆိုပြီး ငြိမ်းချမ်းရေးလိုလားသူ ပြည်တွင်း ပြည်ပမှ ပြည်သူ ၃၀၀၀၀ ကျော်ထံမှ လက်မှတ်တွေ စုဆောင်းနိုင်ခဲ့ပါတယ်”ဟု ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရောက် ၈၈ ကျောင်းသားဟောင်းတစ်ဦးဖြစ်သည့် ဦးစိုးစိုးဦးက အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ပြည်တွင်းငြိမ်းချမ်းရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုများကို ဇွန် ၁၉ ရက်မှ ဩဂုတ် ၁၉ ရက်အထိ အမေရိကန်၊ ကနေဒါ၊ ဒိန်းမတ်၊ ထိုင်း၊ ဩစတြေးလျနှင့် မြန်မာနိုင်ငံရှိ ပြည်သူများထံမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလက်မှတ်များမှာ ပြည်တွင်းမှ အများဆုံးဖြစ်ပြီး လူပေါင်းနှစ်သောင်းခန့်ရှိကာ ပြည်ပနိုင်ငံများမှ လူပေါင်းတစ်သောင်းကျော် ထောက်ခံခဲ့ကြောင်း သိရသည်။

ယင်းအဖွဲ့အနေဖြင့် စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ထပ်မံကောက်ခံရရှိသော လက်မှတ်များကို ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံအဖြစ် ပြည်သူ့အစိုးရနှင့် ပြည်သူ့လွှတ်တော်တွင်းသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုအင်အားစုအနေဖြင့် ယင်းလက်မှတ်ရေးထိုးဆောင်ရွက်မှုကို အခြေခံမူဝါဒ (၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့မှာ အမျိုးသားပြန်လည်သင့်မြတ်ရင်ကြားစေ့ရေး၊ စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး၊ တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးနှင့် ပြည်တွင်းစစ်အဆုံးသတ်ရေး၊ (၂၁) ရာစု ပင်လုံညီလာခံထောက်ခံကြိုဆိုရေးနှင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ အနာဂတ် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု တည်ဆောက်ရေးတို့ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**




## ပုသိမ်ကြီးမြို့မှ အဆင့်မြင့်ဈေးသစ်ဖွင့် ပုံ့ကျဈေးဆိုင်ခန်းများ အခမဲ့မဲနှိုက်ပေး

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မအဆင့်မြင့်ဈေးသစ်ဖွင့်လှစ်ပွဲကို အောက်တိုဘာ ၁၀ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့တော်ဝန် ဒေါက်တာရဲလွင်တို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဈေးတွင်းအထည်ဆိုင်ခန်း ၂၅၀ နှင့် ပုံ့ကျဆိုင်ခန်း ၁၂၀ ပါဝင်ကြောင်း၊ ပုံ့ကျဈေးဆိုင်ခန်းများကို အုပ်စုသုံးစုဖြစ်သည့် ယခင်မြို့မဈေးဟောင်းမှ ရောင်းချလျက်ရှိသည့် ဈေးသည်များ၊ ရန်ကင်းတောင် မန္တလေးကားလမ်းဘေးရှိ ပုဏ္ဏားကုန်းဈေးတန်းမှ ပြောင်းရွှေ့လာသည့် ဈေးသည်များ၊ ရပ်ကွက်၊ ကျေးရွာများမှ လျှောက်ထားသူ ၁၅၀ ကျော်ရှိပြီး ၅ပေ ပတ်လည် ပုံ့ကျဈေးဆိုင်ခန်း ၁၂၀အား အခမဲ့မဲနှိုက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နေထိုင်မှုအခက်အခဲရှိ ဝန်ထမ်းများ လပေးနေထိုင်ခွင့်ပြု နေအိမ်ချပေး

**ကသာ အောက်တိုဘာ ၁၁**

နိုင်ငံတော်၏ အထောက်အကူဖြစ်သော ဝန်ထမ်းများအား နေထိုင်မှုအခက်အခဲများရှိနေမှုကို အဆင်ပြေစေရန် တာဝန်ကျကာလတစ်လျှောက် စိတ်ချမ်းမြေ့စေရေး ကသာမြို့နယ် ပတ္တမြားရပ်ကွက် ယခင် သုသာန်ဟောင်းနေရာတွင် မြေယာရှင်းလင်း၍ အာရ်စီအထပ်မြင့် တည်ဆောက်ထားပြီး ငှားရမ်းနေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

“ကသာမြို့ကို တာဝန်အရပြောင်းရွှေ့ရောက်ရှိလာတော့ ရောက်ရောက်ချင်း ဘယ်မှာနေ၊ ဘယ်မှာအိပ်ရမလဲမသိဘူး။ တော်သေးတယ် မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ အိမ်ရှာငှားရတယ်။ ရတဲ့လစာနဲ့ မဟန်တော့ ပါခဲ့တဲ့လက်ဝတ်လက်စားလေးကိုရောင်းချပြီး ရုံးလုပ်ငန်းနဲ့ နေထိုင်မှုအဆင်ပြေအောင် ကြိုးစားနေရတယ်” ဟု ဝန်ထမ်းတစ်ဦးက ပြောပြသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကာလတွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနမှ အရာထမ်းအိမ်ရာလေးခန်းတွဲ လေးထပ်တစ်လုံး အခန်းပေါင်း ၁၆ ခန်း၊ အမှုထမ်းအိမ်ရာလေးခန်းတွဲ လေးထပ်သုံးလုံး အခန်းပေါင်း ၄၄ ခန်းရှိ အဆောက်အအုံများကို တည်ဆောက်ပေးထားရာ အမှန်တကယ်နေထိုင်ရန် အခက်အခဲရှိသော ဝန်ထမ်းများကို ဦးစားပေးနေအိမ်ချပေးပြီး လမ်းခင်းထားခြင်းနှင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေး၊ ရေရရှိရေးတို့ကို မိမိတို့လအလိုက်သုံးစွဲမှုပေါ်မူတည်၍ နိုင်ငံတော် အခွန်ဘဏ္ဍာငွေနှင့် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနများမှ သိရသည်။

ဝန်ထမ်းအိမ်ရာနှင့်မြို့ပြဖွံ့ဖြိုးရေး အဆောက်အအုံမှာ စကေး ၁၆ လက်မ ၁ မိုင်ဖြင့် အမှတ် ၂၇ ပတ္တမြားရပ်ကွက် ကသာမြို့ပေါ်အတွင်း တည်ဆောက်လျက်ရှိရာ ပြီးစီးပါက နိုင်ငံ့ဝန်ထမ်းများ အမှန်တကယ်နေထိုင်ရန် နေအိမ်ငှားရမ်းနေရသူများ ဝင်ငွေထွက်ငွေမမျှတဘဲ အခက်အခဲရှိ အရာထမ်း၊ အမှုထမ်းများကို ချိတ်ဆက်၍ နေရာပြောင်းရွှေ့တာဝန်မပြောင်းချိန်အထိ နေထိုင်ခွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ပြောင်းမှ စားသောက်ကုန်၊ လူသုံးကုန်နှင့် စက်ကျူထုတ်လုပ်မှုအဆင့်ဆင့် နည်းပညာများ သင်တန်းပို့ချပေးမည်

**မြစ်ကြီးနား အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းရှင်နှင့် ပြည်နယ်သမဝါယမ ဦးစီးဌာနတို့ ပူးပေါင်းပြီး လုပ်ငန်းရှင်များ၊ သမဝါယမ အသင်းသူအသင်းသားများအား ပြောင်းပင်စည်တစ်ခုလုံးနှင့် ပြောင်းဖူးရိုးမှတစ်ဆင့် စားသောက်ကုန်၊ လူသုံးကုန် စက်ကျူထုတ်လုပ်မှုအဆင့်ဆင့် နည်းပညာများကို သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဆင်ဘိုမြို့၊ တာလောကြီး၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ပြောင်းစိုက်တောင်သူများအနေဖြင့် ပြောင်းပင်များကို မိုး၊ ဆောင်းရာသီတို့တွင် ရှစ်သီးစာစိုက်ပျိုးကြပြီး ပြောင်းရိတ်သိမ်းပြီး ပြောင်းဆန်များကိုရယူကာ အစိုဓာတ်ရှိသောအပင်များကို နွားစာအဖြစ် အသုံးပြု၍ ကျန်ရှိသော ပြောင်းပင်တစ်ခုလုံးနှင့် ပြောင်းဖူးရိုးများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေကြသောကြောင့် ပြောင်းပင်တစ်ပင်လုံး အလေအလွင့်မရှိစေရန် စားသောက်ကုန် လူသုံးကုန် စက်ကျူထုတ်လုပ်မှုအဆင့်ဆင့် နည်းပညာသင်တန်းကို ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်သောကြောင့် ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မောင်းက ပြောသည်။

ယင်းသင်တန်း၌ ပြောင်းဖူးပင်စည်တစ်ခုလုံးနှင့် ပြောင်းဖူးရိုးမှတစ်ဆင့် စက္ကူကြမ်း၊ စက္ကူချော ထုတ်လုပ်မှုအဆင့်ဆင့် ထုတ်လုပ်မှုနည်းပညာ စားသောက်ကုန်များဖြစ်သည့် ဖျော်ရည်၊ ဝိုင်၊ ယို၊ ဂျယ်လီ၊ လူသုံးကုန်ပစ္စည်းများဖြစ်သော ဆပ်ပြာထုတ်လုပ်မှု နည်းပညာများကို အောက်တိုဘာလအတွင်း ဖွင့်လှစ်၍ သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဘိုမြို့ ပြောင်းစိုက်တောင်သူ ဦးမျိုးဝင်းက “ယခုလို ပြောင်းပင်တွေကို နွားစာတစ်ခုတည်းသာ အသုံးပြုပြီး မီးရှို့ဖျက်ဆီးလိုက်ရတယ်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာရှိတဲ့ ဆင်ဘိုမြို့မှာဆို ပြောင်းစိုက်တာ ဧကတစ်ထောင်ကျော်တယ်။ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၁၄ ရွာကလည်း ပြောင်းကိုသာ စားဝတ်နေရေးအတွက် အဓိကထား စိုက်ပျိုးနေတဲ့ ပြောင်းစိုက်တောင်သူတွေအတွက် အခုလို သင်တန်းဖွင့်လှစ်ပေးလိုက်တာဟာ အဖိုးဝင်ငွေရရှိတာကြောင့် များစွာ အကျိုးရှိပါတယ်”ဟု ပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဆင်ဘို၊ တာလောကြီး၊ ဗန်းမော်၊ ရွှေကူမြို့နယ်များနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်၌ ပြောင်းကို အဓိကထားစိုက်ပျိုးကြပြီး ထွက်ရှိသည့် ပြောင်းဆန်များကို အိမ်နီးချင်း တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်တို့၏ AYEYAR MIN THEIN MANDALAY CONSTRU CTION COMPANY LIMITED ၏ ကုမ္ပဏီ မှတ်ပုံတင်ကတ်မှုရင်း- ၃၈၄၉/၂၀၁၂-၂၀၁၃ (၁၄-၁၂-၂၀၁၂)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၇၉၃၂၇၂၁၆၁၊ ၀၉-၄၂၈၁၀၉၅၁၁၁

**အိမ်ရောင်းမည်**

RC 3½ ခွဲကြွေပြား၊ ခင်းကပ်၊ မျက်နှာကြက်၊ ကျွန်းပါကေးကပ် AC 3လုံး PHပါ ပေ(၂၀×၆၀) သုဇာတာလမ်းမပေါ် မ/၃

**ကျပ်သိန်း ၃၄၀၀။**

တိုက်အဆောင်အခန်း ၁၂ခန်း၊ ပေ(၂၅×၇၀) မင်္ဂလာဒုံ

**ကျပ်သိန်း ၂၃၀။**

ပွဲစားလိုသည်။

**ဖုန်း-၀၉-၅၁၈၃၉၅၁**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**တင်ဒါအမှတ်စဉ်(၁) (၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် အသုံးပြုရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဌာနအရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - အမှတ်စဉ်(၁) (၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၁၀-၂၀၁၆ရက် ညနေ ၃ နာရီ
၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ အမှတ်၅၂၀၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၄။ **အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ၁၇-၁၀- ၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ ဖုန်း-၀၁-၅၅၆၀၅၀၊ ၀၉-၃၁၃၃၅၅၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦး စီးဌာန**
**တင်ဒါအမှတ်စဉ်(၂)(၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ် ငွေလုံး၊ ငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာန ခွဲ၊ သားဖွားခန်း၊ စုစုပေါင်း(၄၇)ခုတို့၏ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောင်ရွက်နိုင်ရန် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - အမှတ်စဉ်(၂)(၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၁၀-၂၀၁၆ရက်၊ ညနေ ၃ နာရီ
၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၄။ **အသေးစိတ်အချက်အလက်များနှင့်တင်ဒါလျှောက်လွှာများအား ၁၇-၁၀-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း**

ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ ဖုန်း-၀၁-၅၅၆၀၅၀၊ ၀၉-၃၁၃၃၅၅၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**တင်ဒါအမှတ်စဉ်(၃)(၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများအတွက် လိုအပ်သော ပရိဘောဂများနှင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဌာနအရောက်ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - အမှတ်စဉ်(၃) (၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်)
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၁၀-၂၀၁၆ရက် ညနေ ၃ နာရီ
၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၊ အမှတ် ၅၂၀၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၄။ **အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ၁၇-၁၀-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၊ ဖုန်း-၀၁-၅၅၆၀၅၀၊ ၀၉-၃၁၃၃၅၅၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

# ကျောက်ဆည်မြို့ ရိုးရာယဉ်ကျေးမှု ဆင်လှူပွဲတော်ကြီး မကြာမီကျင်းပတော့မည်

နိုင်ငံ၏ ဂုဏ်၊ ဒေသ၏ ဂုဏ်ကို ဆင်အက ဆင်အလှဖြင့် အကြိမ်ကြိမ် အလီလီ ထုတ်ဖော်ပြသခဲ့သော ကျောက်ဆည်မြို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဆင်လှူပွဲတော်နှင့် ဆင်အကအလှ ပြိုင်ပွဲဖြစ်သည့် ဆင်ပွဲတော်ကြီးကို မကြာမီရက်များအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်မည့် ဆင်အဖွဲ့များ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။

နယ်သူနယ်သားများ၊ မြန်မာပြည်အရပ်ရပ်မှ ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများပါ ပါဝင်ဆင်နွှဲသည့် ဆင်အကပြိုင်ပွဲနှင့် ဆင်လှူပွဲတော်ကြီးကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပလျက်ရှိရာ ဆင်အက၊ ဆင်အလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ကျင်းပပြီး ဆင်လှူပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့တို့တွင် ကျင်းပကြသည်။

ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းအရ ကျောက်ဆည် ဆင်ပွဲတော်သည်လည်း ပါဝင်ခဲ့ရသည်။ ခေတ်ပေါ်တူရိယာပစ္စည်းမျိုးစုံနှင့် အသံပိုင်းဆိုင်းရာ ခေတ်မီပစ္စည်းများကို အသုံးပြုကာ ယာဉ်ကြီးယာဉ်ငယ် အသွယ်သွယ်ဖြင့် ယှဉ်ပြိုင်လာကြသည်။ သို့သော် ရိုးရာယဉ်ကျေးမှု ပွဲတော်ဖြစ်၍ တာဝန်ရှိသူများက စည်းကမ်းချက်များထုတ်ပြန်ကာ ဆင်ပြိုင်ပွဲဝင်အဖွဲ့များက လိုက်နာကြရပေသည်။



"ကျွန်တော်တို့ ကျောက်ဆည်သားမှန်ရင် ဆင်အကကို ဝါသနာမပါတဲ့သူ မရှိဘူး၊ ဆုရတာ မရတာ နောက်ပိုင်းကိစ္စ၊ ဆင်ပြိုင်ပွဲဝင်ဖို့ ပြင်ရဆင်ရတာကို တော်တော်ပျော်နေပြီ၊ ဆင်ပြိုင်ပွဲ မှန်းတဲ့ဆုမရခဲ့ရင်တော့ နောက်နှစ် ပြိုင်ပွဲဝင်ဖို့ ပိုးက ခဏတာ သေသွားတာ၊ ဒါပေမယ့် ပြိုင်ပွဲနီးလာရင် ဘယ်လိုမှ မနေနိုင်ဘူး။ ကျွန်တော်တို့ ပြိုင်ပွဲဝင်ခဲ့တာ အခုဆိုရင် ခုနစ်နှစ်လောက်ရှိပြီ။ အရင်ကတော့ ကလေးဆင်အနေနဲ့ ဝင်ပြိုင်ခဲ့တာ၊ မနှစ်ကစပြီး ရိုးရာဆင် လူကြီးဆင်ပေါ့ အဲဒီအတန်းက ဝင်ပြိုင်ခဲ့တာ၊ ဒီနှစ်လည်း အဲဒီအတန်းကိုပဲ ဝင်ပြိုင်မယ်၊ ကိုယ်တတ်နိုင်သလောက် အစွမ်းကုန် ပြင်ဆင်နေပါတယ် "ဟု ဆင်ပြိုင်ပွဲဝင်မည့် အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဆင်အကအလှ ပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ တစ်ရက်တည်းသာ ကျင်းပသောကြောင့် လူငယ်များသည် မိမိတို့ပြင်ဆင်ထားရှိမှုနှင့် ပျော်ရွှင်ရသည့် အချိန်နည်းပါးသောကြောင့် ယခင် သုံးနှစ်ဝန်းကျင်မှစတင်ကာ သီတင်းကျွတ်လဆန်း ၁၃ ရက် ညပိုင်းတွင်ပါ မြို့တွင်းသို့ လှည့်လည်ကပြဖျော်ဖြေလေ့ရှိလာကြသည်။ ထို့ညတွင်လည်း ဆင်ပွဲတော်အလားစည်ကားလာခဲ့သည်။

ဆင်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အဖွဲ့များသည် လူငယ်အများစုပါဝင်ခြင်း၊ ဆုရရှိရေးအတွက် ပြိုင်ဆိုင်မှုပြင်းထန်ခြင်းတို့ကြောင့် မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ယခင်နှစ်ပြိုင်ပွဲမှ စတင်ကာ စောင့်ကြည့်ရေးအဖွဲ့များထား၍ ကြည့်ရှုခဲ့ကြသည်။

**သတင်းဆောင်းပါး - ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ခေါင်းစွပ်ပါ အနွေးထည်များ လှူဒါန်း

**တောင်ကြီး အောက်တိုဘာ ၁၁**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများရှိ ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၂၀၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာ ဒေသများသို့ လှူဒါန်းလျက်ရှိသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်ထံ ခေါင်းစွပ်ပါ အနွေးထည် စုစုပေါင်း ၃၀၀၀၀ ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးခင်အောင်၊ ကမ္ဘောဇဘဏ်လီမိတက် တောင်ကြီး ဘဏ်ခွဲ(၁)မှ ဒေါ်စန္ဒာဝင်းနှင့် ဖောင်ဒေးရှင်း အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီက သွားရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ယာပုံ)**

လှူဒါန်းမှုအတွက် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၏ နာယကကြီးနှင့် မိသားစုဝင်များအားလုံးကို လေးစားပါကြောင်း၊ ကျေးဇူးတင်ရှိပါကြောင်း၊ အနာဂတ်အလင်းတန်းဆိုသည့်အတိုင်း ပြည်သူ ပြည်သားများအပေါ် အနာဂတ်အတွက် နွေးထွေးစေအောင် ဘေးအန္တရာယ်မကျရောက်မီကတည်းက ဂရုပြုဆောင်ရွက်ပေးသည့်အတွက်လည်း ပိုမိုလေးစားမိပါကြောင်း၊ အနာဂတ်လူငယ်များ အတွက်လည်း ဆက်လက် ဆတက်ထမ်းပိုးအလင်းရောင်များပေးနိုင်ပါစေကြောင်း၊ မြန်မာပြည်သူပြည်သားများအတွက်သာမက ကမ္ဘာသို့ပါ စောင့်ရှောက် ဖြည့်ဆည်းပေးနိုင်ပါစေကြောင်း ပြောကြားသည်။

အလားတူ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် လားရှိုးမြို့နယ် အထက်မန်အိုင်ကျေးရွာ ချစ်ခြင်းမေတ္တာဂေဟာ၌ တိုက်ပွဲရှောင်ဒေသများမှ လာရောက်နေထိုင်ကြပြီး ပညာသင်ကြားလျက်ရှိသည့် တိုင်းရင်းသား ကလေးငယ်များအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါ အနွေးထည်များကိုလည်း အောက်တိုဘာ ၇ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် စက်တင်ဘာ ၁၇ ရက်က ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိ မဲသဝေါ စစ်ဘေးရှောင်ပြည်သူများအတွက် အနွေးထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀ ကိုလည်းကောင်း၊ ဩဂုတ် ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး အတွင်း အအေးဓာတ်လွန်ကဲနိုင်သည့် ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသား ပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၃၆၅၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၁ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့၌ ရောက်ရှိနေသော စစ်ဘေးရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၇၆၅၂ ထည်ကို လည်းကောင်း၊ အောက်တိုဘာ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း သွားလာရခက်ခဲသော ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၄၇၁ ထည်ကိုလည်းကောင်း သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများအတွက်လည်း မကြာမီ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



**သဲနိုင်ဦး(မြန်မာစာ)**


## အမည်ပြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း (TTC) ဒုတိယတန်း(D)မှ ဦးအောင်ကျော်ဦး၏သား မောင်သော်ဇင်သန့်အား မောင်ကောင်းထက်စံဟု ပြောင်းလဲခေါ်ပါရန်။

Lucky Men -Car Rental
09-450969707
09-967967707
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း/ပြင် ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
**ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်သည်။**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ် (၉/ဃ/အောင်ဇေယျာ)၊ ဦးပိုင်အမှတ် (၄၁/ခ)၊ မြေကွက်အမှတ် (၂၄/၂၅၉)၊ ဧရိယာ ၀ ဒသမ ၀၆၈ဧကရှိ မြေကွက်သည်မူလက ဦးညီလှ အမည်ဖြင့် DORPNO ၄၉၂/၁၉၉၇-၁၉၉၈ အရ(၁၂-၅-၁၉၉၈)မှ(၁၁-၅-၂၀၂၈)အထိ နှစ် ၃၀ ဂရန်ရရှိထားပြီး ဖြစ်ပါသည်။ ယခုအခါ မြေကွက်အား ဦးစိန်မောင် ၉/မထလ(နိုင်)၀၃၁၅၁၄၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ရီရီမြင့် ၉/လဝန(နိုင်)၀၀၀၆၁၈ ထံမှ မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့် ၃၁-၅-၂၀၁၆ရက်တွင် တရားဝင်စာချုပ် စာတမ်း(မူရင်း/မိတ္တူ)များတင်ပြကာ ဦးစိန်မောင်က မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိကျန်းမာရေးဌာနများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၁၁-၂၀၁၆ရက် ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**
**ဖုန်း-၀၄၂-၂၄၉၃၁၊ ၀၄၂-၂၁၁၇၃၊ ၀၄၂-၂၁၁၄၂**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/2375, Myanmar MicroBus(MRL)Micro Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းသန့် ၁၂/ပဘတ(နိုင်)၀၁၆၀၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ မြို့တော်ဂေါက်ကွင်းတွင် အသုံးပြုမည့်နှစ်ယောက်စီးလျှပ်စစ်ဘာဂီ(၁၅)စီး ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ထုတ်ယူရမည့်ရက်** - ၁၃-၁၀-၂၀၁၆ရက်
၃။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၇-၁၀-၂၀၁၆ရက်
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

**ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ဖုန်း-၀၆၇-၄၃၂၄၉၁**
**မြို့တော်ဂေါက်ကွင်း ဖုန်း-၀၆၇-၄၁၀၀၀၀၊ ၀၆၇-၄၁၀၂၂၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်စွာဝင်း ၇/ညလန(နိုင်)၀၉၆၁၉၃ ၏ TOYOTA ALPHARD, STATION WAGON မော်တော်ယာဉ်၏ ပါမစ် NO, ISP $\frac{3}{3}$ 12-13(20066)မူရင်း၊ ID,NO, 796643,ID, Date (၂-၁၁-၂၀၁၆) မူရင်း၊ Customs Statement မူရင်း၊ ယာဉ်ဓာတ်ပုံမူရင်းတို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၂၄၂၂၇၇**

## မိဘအမည်မှန်

သထုံမြို့နယ်၊ အလက(ခွဲ)၊ ကြက်တူးရွေးသောင်ကျောင်း အဋ္ဌမတန်းမှ မောင်သက်မင်းဦး၏ မိဘအမည်မှန်မှာ ဦးစံချစ်-ဒေါ်နန်းခင်စောတင့် ဖြစ်ပါကြောင်း။**ဦးစံချစ်-ဒေါ်နန်းခင်စောတင့်**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ရှမ်းရွာ တက္ကသိုလ်ဝင်တန်းမှ မရွှေဇင်ဦး၏ဖခင်အမည်မှန်မှာ ခွန်လှရွှေ(ခ)ဦးလှချို ၁၀/သထန(နိုင်)၀၈၈၆၄၄ ဖြစ်ပါကြောင်း။
**ခွန်လှရွှေ(ခ)ဦးလှချို**



# မြင်းခြံအကျဉ်းထောင်တွင် အကျဉ်းသားများ ခိုက်ရန်ဖြစ်ပွားရာမှ ဆူပူမှုဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြင်းခြံအကျဉ်းထောင်တွင် အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားရာမှတစ်ဆင့် စည်းကမ်းတင်းကျပ်မှုအပေါ် မကျေနပ်၍ အကျဉ်းသားများက ဆူပူအော်ဟစ်ခဲ့မှုအပေါ် တာဝန်ရှိသူများက အကျဉ်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး အခြေအနေကို ထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

မြင်းခြံအကျဉ်းထောင်တွင် ယနေ့ နံနက် ၅ နာရီခွဲခန့်က ထောင်ဖွင့်တန်းစီလူစစ်ဆေးစဉ် အိပ်ဆောင်(၁)၌ အကျဉ်းသား ကျော်ကိုကို(ခေါ်)ကောင်လေး (ခေါ်) ငြိမ်းသူကို စည်းကမ်းထိန်းအကျဉ်းသား ဆန်းကျော်(ခေါ်)ကျော်ကြီးက လူဦးရေ ကျပ်တည်းမှုကြောင့် အိပ်ရာနေရာစီမံခြင်းအပေါ် မကျေနပ်သဖြင့် ခိုက်ရန်ဖြစ်ပွားခဲ့ရာ အကျဉ်းသား ကျော်ကိုကိုအား သီးခြားတိုက်ခန်းအမှတ်(၁)သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် အိပ်ဆောင်(၂)၌ အကျဉ်းသား ကျော်ကျော်မင်း(ခေါ်) ကျော်ကြီးသည် စည်းကမ်းထိန်းအကျဉ်းသား ကျော်မိုးလင်းနှင့် ထပ်မံစကားများ ခိုက်ရန်ဖြစ်ပွားခဲ့သဖြင့် အကျဉ်းထောင်ဝန်ထမ်းများက ဖျန်ဖြေထိန်းသိမ်းစဉ် အိပ်ဆောင် (၁)ရှိ အကျဉ်းသားများက စည်းကမ်းတင်းကျပ်မှုအပေါ် မကျေနပ်၍ နံနက် ၆ နာရီ ၄၅ မိနစ်မှစ၍ ဆူပူဟော်ဟစ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မြင်းခြံခရိုင် ရဲမှူးကြီး၊ မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ ခရိုင်တရားသူကြီးနှင့်အဖွဲ့၊ ခေတ္တ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များသည် နံနက် ၇ နာရီ ၂၅ မိနစ်တွင် အဆိုပါအကျဉ်းထောင်သို့ ရောက်ရှိခဲ့ကြပြီး ထောင်တွင်းစည်းကမ်းထိန်းရုံးတွင် အကျဉ်းသားကိုယ်စားလှယ်များနှင့် ယနေ့ နံနက် ၉ နာရီခွဲမှစ၍ တွေ့ဆုံပြောကြားခဲ့ပြီးနောက် နံနက် ၁၁ နာရီတွင် ဆူပူမှုရပ်ဆိုင်းခဲ့ကြောင်းနှင့် အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယာဉ်လက်တန်းအားကိုင်ပြီး လိုက်ပါလာသူ ယာဉ်ပေါ်မှပြုတ်ကျ၍ သေဆုံး

**နေပြည်တော် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ယာဉ်ပေါ်မှ ပြုတ်ကျ၍ သေဆုံးသူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ မင်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူမှာ မင်းလှမြို့နယ် အိုးဘိုကုန်းကျေးရွာနေ လှနိုင်ဝင်း (၃၉နှစ်)ဖြစ်ပြီး ၎င်းသည် အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီခန့်က သရက်-မင်းလှကားလမ်းအတိုင်း ရေနံမရွာဘက်မှ မကွေးမြို့ဘက်သို့ တစ်ရွာတည်းနေ ကိုကိုကျော်(၂၃နှစ်)မောင်းနှင်သည့် 3A / ---- ဒိုင်နာအဖြူရောင်ခရီးသည်ယာဉ်ဖြင့် ယာဉ်၏နောက်ပိုင်းရှိ လက်တန်းကို ကိုင်ပြီး လိုက်ပါလာစဉ် မိုင်တိုင်(၅၆)အနီး၌ ယာဉ်ပေါ်မှပြုတ်ကျကာ ဒဏ်ရာများရရှိ၍ မကွေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခြင်းဖြစ်ပြီး ယာဉ်မောင်း ကိုကိုကျော်အား မင်းလှမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဌာနများတွင် အလုပ်ရမည်ဟုပြောဆိုကာ ဝန်ကြီးဌာန စာရွက်စာတမ်း တံဆိပ်တုံးအတုများဖြင့် ငွေလိမ်လည်ပေးဆောင်ခိုင်းသူများအား အမှုဖွင့်

**ဆော အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် အကြည်ကတင်းရွာနေ အမျိုးသမီးတစ်ဦးက ၎င်းအပါအဝင် ဆောမြို့နယ်ရှိ ကျေးရွာများမှ လူကိုးဦးအား ဌာနများတွင် အလုပ်ရမည်ပြောဆိုပြီး ၎င်းတို့ထံမှ ငွေကျပ် ၁၃၁ သိန်းအား တံဆိပ်တုံး၊ စာရွက်စာတမ်းများဖြင့် ငွေပေးဆောင်ခိုင်းကာ လိမ်လည်သွားသောလူငါးဦးအား အောက်တိုဘာ ၉ ရက်တွင် တိုင်ကြားအမှုဖွင့်ထားကြောင်း ဆောမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၁ နာရီက အကြည်ကတင်းရွာနေ မဝင်းဝင်းမော် (၂၇နှစ်)သည် အလုပ်အကိုင် ရရှိလိုသဖြင့် တစ်ရွာတည်းနေ ကြာမြင့် (၃၅နှစ်)နှင့် ဆက်သွယ်ရာ ငွေကျပ် ၁၇ သိန်းပေးပါက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စည်ပင်ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လဝကဌာနများတွင် အလုပ်အကိုင်ရရှိမည်ပြောသဖြင့် မဝင်းဝင်းမော်အပါအဝင် ဆောမြို့နယ်ရှိ ကျေးရွာများမှ မသန်းသန်းမော်၊ မဇင်မာလွင်၊ မမြင့်ဒွေးကြည်၊ မနွယ်နွယ်ထွန်း၊ မကေမိုးခိုင်၊ မောင်မြင့်မိုး၊ မောင်ပြည့်ဖြိုးမောင်နှင့် မနှင်းဝေလှိုင်တို့ ကိုးဦးတို့က စုစုပေါင်း ငွေကျပ် ၁၃၁ သိန်းကို ကြာမြင့်၊ ဝင်းတင့် (၆၅ နှစ်) ယခင်မှုခင်းရှုထောင့်မီဒီယာ၊ ကျောက်ပန်းတောင်းမြို့ (စုံစမ်းဆဲ)၊ မြင့်သိန်း(၄၅နှစ်) ညွှန်မှူး (သာသနာရေးဝန်ကြီးဌာနမှဟုပြော) (စုံစမ်းဆဲ)၊ သန်းထွေး စာရေး(သာသနာရေးဝန်ကြီးဌာနဟု ပြော)(စုံစမ်းဆဲ)နှင့် မကြူကြူခိုင်(၃၇နှစ်) နေပြည်တော် (စုံစမ်းဆဲ)တို့ ငါးဦးနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စာရွက်စာတမ်း၊ တံဆိပ်တုံးများ အသုံးပြု၍ ကျောက်ပန်းတောင်း၊ ချောက်၊ ဆိပ်ဖြူ၊ နေပြည်တော်သို့ သွားရောက်ပေးဆောင်စေခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်မရရှိဘဲ စာရွက်စာတမ်း၊ တံဆိပ်တုံးအတုများဖြင့် ငွေပေးဆောင်ခိုင်းကာ ငွေများအား လိမ်လည်ယူသွားသူ ကြာမြင့်၊ ဝင်းတင့်၊ မြင့်သိန်း၊ သန်းထွေးနှင့် မကြူကြူခိုင်တို့ငါးဦးအား အရေးယူပေးရန် မဝင်းဝင်းမော်က အောက်တိုဘာ ၉ ရက်တွင် တရားလိုပြုတိုင်ကြားခဲ့သောကြောင့် ဆောမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ဆောမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းထိုက်က "ဝင်းတင့်ကတော့ မှုခင်းရှုထောင့်က ထုတ်ထားသူလို့ သိရတယ်။ ကြာမြင့်ကတော့ ဆောမြို့မှာ အခုနှစ် မေလပိုင်းက မှုခင်းရှုထောင့်မီဒီယာ ရုံးဖွင့်ခဲ့တယ်။ အခုတော့ပိတ်ထားတယ်။ ပုံစံက တံဆိပ်တုံး၊ စာရွက်စာတမ်းတွေနဲ့ရုံးတွေခေါ်ပြီး ငွေပေးသွင်းတဲ့ပုံစံမျိုးနဲ့ လိမ်သွားတာ။ ဒီအမှုနဲ့ပတ်သက်ပြီး သူတို့ငွေလိုက်ပေးဆောင်ခဲ့တဲ့ ရုံးတွေကို လိုက်စုံစမ်းဖို့ အထက်တင်ပြထားပါတယ်"ဟု ပြောကြားသည်။

**ကျော်ဇေယျ**

# တောင်ကြီး၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက်က တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် အရှေ့မြို့ပတ်လမ်းမပေါ်တွင် စိုင်းဆိုင်ဝမ်း မောင်းနှင်လာသော မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်၏ ရှေ့ခန်းထိုင်ခုံပေါ်ရှိ စက္ကူဂျပ်ဖာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၀၀ ခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မေဖလားဝါးကွင်း မယ်ဆိုင်ချောင်းအနီး တွေ့ရှိသူ အားဖာကို ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၁၅၀) ကိုလည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် GI Group ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် မဆုန်ဖောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် ခရီးသည် မဝမ်မိန့်ကြူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ (ဒေသတန်ဖိုးငွေကျပ် ၁၁၆ သိန်း)တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ရွှေဝယ်ယူလိုဟန်ပြပြီး ရွှေဆွဲကြိုးခိုးယူသူနှစ်ဦးအား ဖမ်းဆီးရမိ

**သာစည် အောက်တိုဘာ ၁၁**

သာစည်မြို့ အမှတ်(၅)ရပ်ကွက် ဈေးလမ်းမပေါ်ရှိ အောင်သုခရွှေဆိုင်တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ရောက်ရှိလာပြီး ငွေကျပ် ၁၀ သိန်းတန် ရွှေဆွဲကြိုးတစ်ကုံး ဝယ်ယူလိုကြောင်း ပြောသဖြင့် ဆိုင်ရှင်က ရွှေဆွဲကြိုးသုံးကုံးကို ပြသထားခဲ့သည်။ အဆိုပါ ရွှေဆွဲကြိုးသုံးကုံးအနက် အလေးချိန် တစ်ကျပ်သားခန့်ရှိ ဆွဲကြိုးတစ်ကုံးမှာ ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့သည်။

အောက်တိုဘာ ၁၀ ရက် နံနက် ၁၀နာရီခန့်တွင် အောင်သုခရွှေဆိုင်သို့ ရန်ကုန်မြို့နေ ကိုဇော်မျိုးထွန်းနှင့် မဝင်းဒွေးတို့နှစ်ဦး ရောက်ရှိလာပြီး ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး ဝယ်ယူလိုကြောင်း ပြောသဖြင့် ဆိုင်ရှင် ဒေါ်ခင်မိမိက ရွှေဆွဲကြိုးသုံးကုံးကို ထုတ်ပြခဲ့သည်။ ထို့နောက် ၎င်းတို့နှစ်ဦးက အလေးချိန်တစ်ကျပ် လေးပဲခန့်ရှိ ဆွဲကြိုးတစ်ကုံးကို ဝယ်ယူမည်ဖြစ်ကြောင်း ပြောသဖြင့် ဆိုင်မန်နေဂျာ ဒေါ်နော်စန္ဒာလှိုင်က ကျသင့်တန်ဖိုးငွေကျပ် ၁၁၃၀၀၀၀ ဖြင့် ဘောက်ချာ ဖြတ်ပေးပြီး ပြသထားသည့် ရွှေထည်ပစ္စည်းများကို ပြန်လည်စစ်ဆေးရာ အလေးချိန် တစ်ကျပ်သားခန့်ရှိ ဆွဲကြိုးတစ်ကုံး ပျောက်ဆုံးနေသည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ ဆိုင်အတွင်း၌ တပ်ဆင်ထားသည့် CCTV ကင်မရာတွင် ပြန်လည်ကြည့်ရှုစစ်ဆေးရာ ရွှေဝယ်လာသော အမျိုးသားနှင့် အမျိုးသမီးတို့က ခိုးယူထားကြောင်း တွေ့ရှိခဲ့သည်။

ထိုသို့တွေ့ရှိသဖြင့် ဆိုင်မန်နေဂျာ ဒေါ်နော်စန္ဒာလှိုင်က တရားလိုပြုလုပ်၍ သာစည်ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ သာစည်မြို့မရဲစခန်းမှ ဇော်မျိုးထွန်း (၅၃ နှစ်) မြောက်ဥက္ကလာပ ရန်ကုန်မြို့နေသူနှင့် မဝင်းဒွေး (၄၀နှစ်) ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေသူတို့နှစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မောင်ကို(သာစည်)**





## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၁၆ရက်ထုတ် စာမျက်နှာ ၂၁တွင်ပါရှိသော ကန့်ကွက် ဦးနေလင်းအောင် ၉/ပမန(နိုင်)၁၆၀၈၁၈ အစား ၉/ပမန(နိုင်)၁၆၀၀၁၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လာရှိုးမြို့၊ ရပ်ကွက်(၁၂)နယ် မြေ(၅)နေ တက္ကသိုလ်ဝင်တန်းအောင် မောင်အောင်မြတ်ကို ၁၃/လရန(ပြု)၀၀၁၀၂၆ ၏ ဖခင်အမည်မှန်မှာ FOO SIT CHANG (ခ)ဦးစိုင်းအောင်မြင့် ၁၃/လရန(ပြု)၀၀၀၅၃၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

FOO SIT CHANG (ခ)ဦးစိုင်းအောင်မြင့်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၂၇၉၉၄ Honda wave 110 M/Cယာဉ်လက်ဝယ်ရှိသူ ဦးစိုးခိုင်ဝင်း ၁၄/မမန(နိုင်)၁၄၀၂၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ၁၉၊ အကွက်အမှတ် ၁၂/၇တိုးချဲ့၊ ဦးပိုင်အမှတ် (၁၉၆)၊ မြေချိန်ဧရိယာ ၀ဒသမ၀၉၆ဧက၊ မြေဂရန်အမှုတွဲအမှတ်-၂၂၈-၅/၂၀၀၁-၂၀၀၂(အေ)ဖြင့် ဦးဖော်ယမ်တန် အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား ၁၁-၃-၂၀၁၆ရက်တွင် မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၂၈၇/၂၀၁၆ဖြင့် ဦးတူးအောင် အားပေးကမ်းပြီးဖြစ်ပါ၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအပေါ် ၂၀ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတူးအောင် ၁၃/လရန(နိုင်)၀၀၅၀၁၈**



မြန်မာအသင်းအတွက် ဟက်ထရစ်သွင်းယူခဲ့သည့် အောင်သူ ဆိုက်ပရပ်စ်ပထမတန်းကလပ် ဖာမာဂူစတာအသင်းဘက်သို့ ထိုးဖောက်နေစဉ် ဓာတ်ပုံ-MFF

# မြန်မာ့လက်ရွေးစင်အသင်း ဥရောပခရီးစဉ်နောက်ဆုံးပွဲ၌ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၁**

အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဥရောပနိုင်ငံများတွင် သွားရောက်လေ့ကျင့်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀ ရက်က ဆိုက်ပရပ်စ်ပထမတန်းကလပ် ဖာမာဂူစတာအသင်းနှင့် ခြေစမ်းကစားခဲ့ရာ ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ် နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပထမပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ခြေစမ်းမည့် ဖာမာဂူစတာအသင်းသည် ဆိုက်ပရပ်စ် ပထမတန်းလိဂ်တွင် ပါဝင်ကစားနေသည့်အသင်းဖြစ်ပြီး ဥရောပအခြေစိုက်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အသင်းလည်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လူစာရင်းကို ပထမပိုင်းတွင် တစ်သင်း၊ ဒုတိယပိုင်းတွင် တစ်သင်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်းတွင် ရန်အောင်လင်း(ဂိုး)၊ ဒေးဗစ်ဒန်း၊ ဖြိုးကိုကိုသိန်း၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ ရဲကိုဦး၊ ရန်အောင်ကျော်၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ ဝင်းနိုင်စိုး၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ သုံးမိနစ်တွင် တိုက်စစ်မှူးအောင်သူက မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး နောက်ပိုင်းတွင် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ အဖွင့်ဂိုးသွင်းယူခဲ့သည့် အောင်သူက ၂၆၊ ၃၇ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူကာ ဟက်ထရစ်ရခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၂၉ မိနစ်တွင် ဝင်းနိုင်စိုး၊ ၃၆ မိနစ်တွင် မောင်မောင်လွင်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းကစားသမားများ အပြောင်းအလဲလုပ်ခဲ့ပြီး ဂိုးထပ်မံမသွင်းနိုင်သောကြောင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဥရောပခရီးစဉ်တွင် ခြေစမ်းပွဲရှစ်ပွဲကစားခဲ့ရာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# မြို့နယ်ပေါင်းစုံအမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်သို့ တက်ရောက်လာသော ဘောလုံးအသင်းများ တွေ့ဆုံခြင်းနှင့် ပံ့ပိုးငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်း ၁၆ သင်းမှ မြို့နယ်များအား တစ်မြို့နယ်လျှင် ငါးသိန်းစီဖြင့် ငွေကျပ်သိန်း ၈၀ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြိုင်ပွဲဝင်အသင်းများအား အားပေးစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲသို့ အရှေ့ပိုင်းခရိုင်မှ ဒဂုံ(မြောက်ပိုင်း)၊ ဒဂုံ(တောင်ပိုင်း)၊ သာကေတနှင့် ဗိုလ်တထောင်မြို့နယ်၊ အနောက်ပိုင်းခရိုင်မှ အလုံ၊ လှိုင်၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်၊ တောင်ပိုင်းခရိုင်မှ သန်လျင်၊ ကျောက်တန်း၊ ဒလနှင့် ကော့မှူးမြို့နယ်၊ မြောက်ပိုင်းခရိုင်မှ မှော်ဘီ၊ တိုက်ကြီး၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံမြို့နယ်အသင်းတို့ တက်ရောက်ခဲ့သည်။ ယင်းအသင်း ၁၆သင်းအား လေးအုပ်စုခွဲကာ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၁**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနားကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့တွင် နိုင်ငံတကာမျက်မမြင်ပရဟိတကျောင်းများမှ ကျောင်းသား ကျောင်းသူများ အောက်တိုဘာ ၁၅ ရက် နံနက် ၆နာရီခွဲတွင် ၂၆ လမ်း ဈေးချိုနာရီစင်ရှေ့မှ စတင်ကာ စုပေါင်းလမ်းလျှောက်မည်ဖြစ်ပြီး မြို့တော်ခန်းမရှေ့တွင် ပန်းဝင်မည်ဖြစ်သည်။ သို့ဖြစ်၍ မန္တလေးမြို့ရှိ ပြည်သူများအနေဖြင့် မျက်မမြင်လမ်းလျှောက်ပွဲစည်းကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်းတွင် ပြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များအား လူစည်ကားရာနေရာများ၊ ကုန်တိုက်ကြီးများ၊ ဈေးများ၊ လမ်းမကြီးများတွင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)**




## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်ပါရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ပစ္စည်းအား ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- ဆန္ဒပြု အမှန် တံဆိပ်တုံး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ၁၇-၁၀-၂၀၁၆ရက်မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ပေးသွင်းရမည့် ဆန္ဒပြုအမှန်တံဆိပ်တုံး နမူနာပုံစံအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ထုတ်ပေးသွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို ၁-၁၁-၂၀၁၆ရက်မှစတင်၍ ၁၁-၁၁-၂၀၁၆ ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ရုံးအမှတ်(၂၂)သို့ လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော အဆိုပြုလွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂)တယ်လီဖုန်းအမှတ်-၀၆၇-၄၀၄၃၁၁နှင့် ၀၆၇-၄၀၄၂၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာ-ခတ္တာပြန်းတောကြီးလမ်းပေါ်ရှိ ၀ဝန်တံတား (လေးမျက်နှာ)တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူ/သယ်ယူပို့ဆောင်လိုအပ်သည်။

၂။ ဝယ်ယူလိုသည့် လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက်၊ စံချိန်စံညွှန်း၊ အသေးစိတ်စာရင်းနှင့် တင်ဒါပုံစံတင်ဒါစည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၆)ဘိုကလေးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် | - | ၁၃-၁၀-၂၀၁၆ရက် (ရုံးပိတ်ရက်အပါအဝင်) |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | ၂၆-၁၀-၂၀၁၆ရက် ညနေ၄နာရီ |
| တင်ဒါဖွင့်မည့် ရက်/အချိန် | - | ၂၇-၁၀-၂၀၁၆ရက် မွန်းလွဲ ၁နာရီ |
| တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ လေးမျက်နှာမြို့အစည်းအဝေးခန်းမဆောင် |

အသေးစိတ်အချက်အလက်များကို ဖုန်း-၀၄၅-၄၅၇၅၁သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၆)၊ ဘိုကလေးမြို့**
**ဖုန်း-၀၄၅-၄၅၇၅၁၊ ၀၉-၄၂၂၄၅၂၃၈**

## ဖခင်အမည်မှန်

ဗဟန်းမြို့နယ်၊ အလက(၂)၊ အဋ္ဌမတန်း(B)မှ မောင်စွမ်းထက်လင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်လင်းဦး ၁၂/လမန(နိုင်)၀၀၄၈၂၅ ဖြစ်ပါကြောင်း။

**ဦးဗိုလ်လင်းဦး**

## နိုင်ငံသားကတ်ပျောက်ဆုံးကြောင်း

မသန်းသန်းရီ၏(DLA-၀၃၇၃၁၆)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

**မသန်းသန်းရီ**
**၀၉-၄၂၀၂၃၈၈၃၁**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(ခွဲ)ညောင်ချောင်း အဋ္ဌမတန်း(A)မှ နော်လှဝေဦးနှင့် အမက(လွန်) ဝါးခုတ်တော ပဥ္စမတန်းမှ စောသစ်ခိုဖောတို့၏ဖခင်အမည်မှန်မှာ ဦးဖားခယ် ၁၀/သထန(နိုင်)၂၃၅၆၄၈ ဖြစ်ပါကြောင်း။ **ဦးဖားခယ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ငွေထွန်း ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် MA-၁၃၆၀၂၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/3379၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အိမ်အကူအလိုရှိသည်

- မနက်လာ၊ ညနေပြန်၊ လစာ-တစ်လ-တစ်သိန်း၊

**နေရာ** - မင်္ဂလာတောင်ညွန့်မြို့နယ်

**ဖုန်း-၀၉-၇၃၁၁၁၂၅၉၊ ၀၉-၄၉၂၁၁၉၄၈**

## မှုခင်းသတင်းတိုများ

**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် အကြည်တတင်းရွာနေ အမျိုးသမီးကိုးဦးအား ဌာနများတွင် အလုပ်ရမည်ဟုပြောဆိုကာ စာရွက်စာတမ်း၊ တံဆိပ်တုံးအတုများဖြင့် ငွေကျပ် ၁၃၁ သိန်းကို လိမ်လည်ခဲ့သည့် မှုခင်းရှုထောင့်မီဒီယာမှ ထုတ်ပယ်ထားသူ တစ်ဦးအပါအဝင် ငါးဦးအား အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီလအတွင်းက အကြည်ကတင်းရွာမှ မဝင်းဝင်းမော်အပါအဝင် အမျိုးသမီးကိုးဦးအား ဌာနဆိုင်ရာများတွင် အလုပ်ရမည်ဟုဆိုကာ တစ်ရွာတည်းနေသူ ကြာမြင့်(၃၅)နှစ်က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ စာရွက်စာတမ်းများ၊ တံဆိပ်တုံးများအသုံးပြု၍ ငွေကျပ် ၁၃၁ သိန်းကိုကျောက်ပန်းတောင်း၊ ချောက်၊ ဆိပ်ဖြူနှင့် နေပြည်တော်များသို့ သွားရောက်ပေးဆောင်စေခဲ့သော်လည်း အလုပ်မရရှိသဖြင့် အောက်တိုဘာ ၉ ရက်တွင် မဝင်းဝင်းမော်က ငွေလိမ်သွားသူ ကြာမြင့်နှင့်အတူ ဝင်းတင့်၊ မြင့်သိန်း၊ သန်းထွေးနှင့် မကြူကြူခိုင်တို့ ငါးဦးကို ဆောမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းတင့်ကတော့ မှုခင်းရှုထောင့်က ထုတ်ထားသူလို့သိရတယ်။ ကြာမြင့်ကတော့ ဆောမြို့မှာ ယခုနှစ် မေလပိုင်းက မှုခင်းရှုထောင့်မီဒီယာရုံး ဖွင့်ခဲ့တယ်ဗျ။ အခုတော့ ပိတ်ထားတယ်။ ပုံစံက တံဆိပ်တုံး၊ စာရွက်စာတမ်းတွေနဲ့ ရုံးတွေခေါ်ပြီး ငွေပေးသွင်းတဲ့ပုံစံမျိုးနဲ့ လိမ်သွားတာဗျ။ ဒီအမှုနဲ့ပတ်သက်ပြီး သူတို့ ငွေလိုက်ပေးဆောင်ခဲ့တဲ့ ရုံးတွေကို လိုက်စုံစမ်းဖို့ အထက်တင်ပြထားပါတယ်"ဟု ဆောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းထိုက်က ပြောကြားသည်။ **ကျော်ဇေယျ**

**ထီးချိုင့်**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့အဝင် မောင်းတံဂိတ်၌ ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသောင်းတင်ဌေးဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ သတင်းအရ အောက်တိုဘာ ၇ ရက်က စောင့်ဆိုင်းရှာဖွေစဉ် ယာဉ်မောင်းတင့်ဝေ၊ ယာဉ်နောက်လိုက်အေးချိုတို့ မောင်းနှင်လာသော နီဆန် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျွန်းပေပျဉ် ၁၉၁ ချောင်း(အလေးချိန် ၂ ဒသမ ၈၆၅ တန်)နှင့် ကျွန်းပြားသုံးချပ်၊ ကျွန်းခွဲသား ၂၃ ချောင်း၊ ကရဝေးရွက် ၂၀အိတ်(အလေးချိန် ပိဿာ ၄၅၀)တို့ကို တွေ့ရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူပေးရန် တောအုပ် ဦးလှမြင့်က တရားလိုပြုလုပ်၍ ထီးချိုင့်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

**ရွှေဘို**

ရွှေဘိုမြို့နယ် ဆယ်ပင်ကျွန်းရွာ ကျောက်မြောင်းနယ်မြေရဲစခန်းအပိုင်အတွင်း အောက်တိုဘာ ၈ ရက်က မိုးကြိုးပစ်၍ နေအိမ်အတွင်း တီဗွီကြည့်နေသူ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဆယ်ပင်ကျွန်းရွာနေဦးဌေးလင်း၏အိမ်တွင် တစ်ရွာတည်းနေ မရီလေးနွယ်(၃၅ နှစ်)နှင့်အတူ အမျိုးသမီး သုံးဦး စုစုပေါင်းငါးဦးတို့ တီဗွီထိုင်ကြည့်နေစဉ် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်ခဲ့ရာမှ တီဗွီအင်တင်နာကြိုးပြုတ်ကျပြီး အနီးရှိ ငါးပတ်လည်တိုင် ကွဲကာ တိုင်အောက်ခြေရှိ ကွန်ကရစ်အုတ်ခုံပေါက်ကွဲ၍ မရီလေးနွယ်မှာ ဒဏ်ရာများ ရရှိသေဆုံးခဲ့ခြင်းဖြစ်ပြီး ဦးဌေးလင်းမှာလည်း ခြေထောက်နှစ်ဖက် နာကျင်ဒဏ်ရာများ ရရှိခဲ့ကြောင်း နယ်မြေရဲစခန်းမှူး ဒုရဲအုပ်အောင်မိုးခိုင်၏ သွားရောက်စုံစမ်းမှုအရ သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်မြောင်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

**ဝန်းသို**

ဝန်းသိုမြို့နယ် အောင်းကုန်းကျေးရွာနေ တင်ဝင်း၏နေအိမ်၌ မူးယစ်ဆေးဝါး သတင်းအရ ဝန်းသိုမြို့မရဲစခန်းမှ ရဲအုပ်သီဟစိုးနှင့်အဖွဲ့က ခရိုင်မှုခင်းနှိမ်နင်းရေးမှ တပ်ဖွဲ့ဝင်များနှင့်အတူ သက်သေများဖြင့် အောက်တိုဘာ ၉ ရက်က ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း တင်ဝင်းနှင့်အတူ အောင်ဝင်း၊ ကိုအောင်တို့အား တွေ့ရှိရပြီး ၎င်းတို့ထံမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့် အလေးချိန် (၀ ဒသမ ၂ ဂရမ်)ခန့်ပါ တစ်ပုလင်းကို တွေ့ရှိခဲ့သဖြင့် တင်ဝင်းအပါအဝင် သုံးဦးအား ဝန်းသိုမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

**ကော့သောင်း**

ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်အတွင်း မူးယစ်ဆေးဝါးသတင်းအရ ရဲတပ်ဖွဲ့ဝင်များက စောင့်ဆိုင်းဖမ်းဆီးစဉ် ဘိန်းစာမှုန့်များ အောက်တိုဘာ ၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးများ လိုက်လံရောင်းချနေသည့် စွမ်းထက်အောင်ဆိုသူသည် ကော့သောင်းမြို့အဏ္ဏဝါရပ်ကွက် ရှင်ကြီးမော်လမ်း ကံကော်စတိုးဆိုင်အနီး ရောက်ရှိနေကြောင်းသတင်းအရ ကော့သောင်းမူးယစ်အထူးအဖွဲ့ နယ်ထိန်းအဖွဲ့ဝင်များနှင့် ရပ်ကွက်တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးရာ ၎င်းထံမှ ဘိန်းစာမှုန့် ခုနစ်ထုပ်အား တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအား ဆက်လက်စစ်ဆေးခဲ့ရာ အဆိုပါ ဘိန်းစာမှုန့်ထုပ်များကို အေးမြကန်သာရပ်ကွက်နေ မောင်ဦး(ခ)ခင်မောင်ဦး ထံမှယူဆောင်လာကြောင်းနှင့် ၎င်းနှင့်တွေ့ရန် ချိန်းဆိုထားရှိကြောင်းသိရှိရသဖြင့် ကင်းပုန်းဝပ်စောင့်ဆိုင်းခဲ့ရာ ညနေပိုင်းတွင် မောင်ဦးအား ထပ်မံဖမ်းမိခဲ့သည်။ ၎င်းအား စစ်ဆေးချက်များအရ အေးမြကန်သာရပ်ကွက်နေ ဒေါ်ဝင်းကြည်၏အိမ်တွင် ဘိန်းစာမှုန့်ထုပ်များ အပ်နှံထားရှိကြောင်းသိရသဖြင့် ဆက်လက်ရှာဖွေခဲ့ရာ ဘိန်းစာမှုန့် ၂၈ ထုပ်ကို ထပ်မံတွေ့ရှိရသဖြင့် ၎င်းတို့ သုံးဦးအား မူးယစ်ဆေးဝါးဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

**ညောင်တုန်း**

ညောင်တုန်း-မဲဇလီ စစ်ဆေးရေးဂိတ်၌ အောက်တိုဘာ ၉ ရက်က မသင်္ကာဖွယ် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှာဖွေစစ်ဆေးနေစဉ် ယာဉ်တစ်စီးပေါ်မှ စိတ်ကြွဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။ ဒုရဲအုပ် ချစ်လွမ်းအောင် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက အဆိုပါဂိတ်၌အခြေပြု၍ ယာဉ်များအား ရှာဖွေစစ်ဆေးစဉ် ရန်ကုန်ဘက်မှ ပုသိမ်ဘက်သို့ ထွန်းမင်းလတ် မောင်းနှင်လာသော စလွန်းအပြာရောင်ကားကို စစ်ဆေးရာမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား အလေးချိန် ၁၆ ဒသမ ၈ ဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ငွေရောင်ပိုက် နှစ်ခု၊ ခဲပြားတစ်ပြား၊ ကော်ပိုက်နှစ်ချောင်းတို့ကို တွေ့ရှိရသဖြင့် ထွန်းမင်းလတ်အား မဲဇလီနယ်မြေစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာ အာရှညီလာခံကွန်ဖရင့်ကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစု ပျိုးထောင်ရေးဆိုင်ရာ အာရှညီလာခံ ကွန်ဖရင့်ဖွင့်ပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ YMCA အစည်းအဝေးခန်းမ၌ကျင်းပသည်။

ယင်းညီလာခံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို မြန်မာ YMCA ဥက္ကဋ္ဌ ဦးသာစိန်က ဖတ်ကြားပြီး Malaysian Care မှ Director, Mr. Kenneth Wong၊ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များကောင်စီ ဥက္ကဋ္ဌ ဦးပက်ထရစ်လူနီ၊ ရန်ကုန် YMCA ဥက္ကဋ္ဌ ဒေါက်တာတင်လှနှင့် မြန်မာ YMCA အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာ အာရှညီလာခံကွန်ဖရင့်(ဩစတြေးလျ)မှ Mr. Warwick Murphy မှ ညီလာခံနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရစ်ယာန်အသင်းတော်များမှ ခေါင်းဆောင်များက အမှာစကားပြောကြားကာ ညီလာခံတက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းညီလာခံတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၆ ဦးနှင့် မြန်မာနိုင်ငံအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄၀ တက်ရောက်ကာ အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးကြမည်ဟု သိရသည်။ **ကိုလတ်(သတင်းစဉ်)**

# တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် ကျေးရွာများ၌ စာသင်ကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိ

**ကျွန်းလှ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ကျေးရွာများ၌ တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် စာသင်ကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျောက်အိုင်၊ တင်းတိန်ရုံ၊ ဆွဲလုံနှင့် သရက်ပင်ကျေးရွာများတွင် ခွင့်ပြုငွေကျပ် ၃၅ သမ ၁ သန်းဖြင့် အလျားပေ ၉၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ်တစ်ထပ်ကျောင်းဆောင်များကိုလည်းကောင်း၊ ကြာတကန်၊ ဘိုအင်း၊ ကုလားကုန်း၊ အူတောင်နှင့် ဝေပူးကျေးရွာများတွင် ခွင့်ပြုငွေကျပ် ၂၃ ဒသမ ၄ သန်းဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သစ်များကိုလည်းကောင်း တင်ဒါအောင်သောကုမ္ပဏီများက တာဝန်ယူဆောက်လုပ်နေကြခြင်းဖြစ်သည်။

အဆိုပါ ကျောင်းဆောင်သစ်များ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပညာရေးဌာနနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# ပျဉ်းမနားမြို့၏ သီတင်းကျွတ်နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်ပွဲတော်ကျင်းပမည်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၌ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လတွင် ကျင်းပမြဲဖြစ်သော အထင်ကရပွဲတော်တစ်ခုဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ မြို့တွင်းသို့လှည့်လည်ပူဇော်ပွဲနှင့် ဧည့်ခံစတိတ်ကားများဖြင့် မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေခြင်းအစဉ်အလာသည် သီတင်းကျွတ်လကျရောက်တိုင်း တစ်နှစ်တစ်ကြိမ်ကျင်းပခဲ့သည်မှာ ယခု ၂၀၁၆ ခုနှစ်တွင် (၉၈)ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပေသည်။

ပျဉ်းမနားမြို့တွင် ရပ်ကွက်ဝတ်ဖြူတော်အသင်းရှစ်သင်းရှိ၍ ယင်းဝတ်ဖြူတော်အသင်းရှစ်သင်းမှ လှည့်လည်ဖျော်ဖြေရေး စတိတ်စင်မြင့်ကားရှစ်စီးသည် ရန်ကုန်၊ မန္တလေးမြို့တို့မှ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်၊ တေးသံရှင်များအားဖိတ်ခေါ်၍ မြို့တွင်းနေရာအနှံ့အပြားသို့ ဧည့်ခံဖျော်ဖြေသည့်အစဉ်အလာသည် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လတွင် ကျင်းပပြုလုပ်သော ပျဉ်းမနားမြို့၏ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်သည်။



ပျဉ်းမနားမြို့၏ ဝတ်ဖြူတော်အသင်း ရှစ်သင်းဖြစ်သည့် ရွာကောက်ဝတ်ဖြူတော်ဝတ်အသင်း၊ ရန်အောင်(၁) ဝတ်အသင်း၊ ရန်အောင်(၂) ဝတ်အသင်း၊ နံ့တော်စဉ်ဝတ်အသင်း၊ ပဋ္ဌာန်းဝတ်အသင်း၊ မြို့ဦးဝတ်အသင်း၊ တပ်တွင်းဝတ်အသင်း၊ တောင်သာဝတ်အသင်းတို့သည် တစ်သင်းလျှင် စတိတ်စင်မြင့်ကားတစ်စီး ဆင်ယင်၍ မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေကြသည်။

နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဧည့်ခံဖျော်ဖြေရေးကားများသည် မိမိရပ်ကွက်အတွင်း လှည့်လည်ဖျော်ဖြေ၍ သီတင်းကျွတ်လပြည့်နေ့တွင် မြို့တွင်းသို့လည်းကောင်း၊ လပြည့်ကျော် ၁ ရက်တွင် ဝန်ကြီးဌာန ၂၂ ခု၏ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားကားများသည် သတ်မှတ်လမ်းကြောင်းအတိုင်းလည်းကောင်း အစီအစဉ်တကျ မြို့တွင်းသို့ဒေသစာရီကြွချီတော်မူပြီး ဘုရားကားများ၏နောက်မှ ဖျော်ဖြေရေးကားများသည် သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ဖျော်ဖြေကြသည်။ ထို့နောက်သက်ဆိုင်ရာမှ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားကားများအား ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများကို ချီးမြှင့်ကြသည်။

နေပြည်တော် ပျဉ်းမနားမြို့၏ သီတင်းကျွတ်ပွဲတော် ကနဦးအစသည် မြေဝိုင်းအကများဖြင့် ရပ်ကွက်အတွင်း လှည့်လည်ဖျော်ဖြေခြင်းဖြင့် စတင်ခဲ့ပြီး ၎င်းမြေဝိုင်းအကတွင် ယိမ်းအကများလည်း ပါဝင်ဖျော်ဖြေခဲ့ကြောင်းသိရသည်။ ထို့နောက် ခေတ်စနစ်တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တစ်နှစ်ထက်တစ်နှစ် အသွင်အပြင်လည်း ပြောင်းလဲလာခဲ့ကာ ယခုအခါ စတိတ်ကားများဖြင့် ဧည့်ခံဖျော်ဖြေမှုများ ဖြစ်ပေါ်လာခဲ့သည်။ ယခုနှစ် သီတင်းကျွတ်ပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်များကို တစ်ညလုံး မိုးလင်းပေါက် ဖျော်ဖြေတင်ဆက်မည်ဖြစ်သောကြောင့် ဒေသခံများမှာ ပွဲတော်ချိန်ကို မျှော်လင့်လျက်ရှိနေကြပြီဖြစ်သည်။

**သတင်း - မင်းမင်းလတ်(မန်းတက္ကသိုလ်)၊ ဓာတ်ပုံ - ကိုကိုရှုပ(နေပြည်တော်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့ဓနစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့ဓနမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် ''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရတနာနဒီမှသည် ရေနီမြောင်းသို့(သို့မဟုတ်) ချောင်းတောင်ဘက်ကလူ

**ဆူးငှက်**

**(ယခင်အပတ်မှအဆက်)**

မြို့သစ်နန်းသစ်တည်သည်နှင့် ဥယျာဉ်တော် ၂၁ ရပ်ကို လုပ်ဆောင်ကြရာ ဥယျာဉ်များတွင် သစ်ပင်များ ရုတ်တရက် မကြီးထွားနိုင်၍ သစ်ပင်ကြီးများကို ရွှေ့ပြောင်းယူကာ ဥယျာဉ်အဖြစ် မွမ်းမံသည့်အထောက်အထားများလည်း ရှိခဲ့ပါ၏။

နန်းတော်ရှေ့ရှိ မင်္ဂလာဥယျာဉ်တော်မှာ မြောက်ထား၀ယ်၊ တောင်ထား၀ယ်၊ တောင်မြောက်တာ ၂၀၀၊ အရှေ့အနောက်တာ ၁၅၀ ရှိပါသည်။ ၁၈၆၂ ခုနှစ် (၁၂၄၄)ခုနှစ်က မင်းတုန်းမင်းနှင့် မိဖုရားတို့သည် ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ် တပ်မဟာခင်းကျင်းလျက် မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူခဲ့၏။ ၁၈၆၆ ခုနှစ် ဇွန်လ ၂၄ ရက် (၁၂၂၈ ခုနှစ် ပထမ ဝါဆိုလဆန်း ၁၃ ရက်နေ့) မင်္ဂလာဥယျာဉ် စံနန်းတော်၌ မင်းတရားကြီး စံတော်မူကာ ၂၅ ရက်နေ့ နံနက်တွင် လယ်ထွန်မင်္ဂလာ ဆင်းတော်မူသည်။ ဥယျာဉ်တော် ၂၁ ရပ်အတွင်း မို့မို့မောက်မောက် တောင်ပူစာမြေပုံ ကိုးခုရှိသည်။ မင်္ဂလာဥယျာဉ်အတွင်းမှ မြေမို့မို့ကို ''တောင်တော်ကလေး'' ဟုခေါ်သည်။ဘုရင့်သားတော်သမီးတော်များ ကစားရာနေရာဖြစ်သည်ဟု ဆို၏။ ယင်းတောင်၏ တောင်ဘက်တွင် တောင်ပူစာနှစ်လုံးရှိ၍ ယာကွက်ကို သပြေပင်ကွက်ဟု ခေါ်၏။

မင်္ဂလာဥယျာဉ် ရတနာနဒီရှေ့၌ မုန်တိုင်ဇရပ်ကြီးရှိသည်။ ထိုဇရပ်ကြီးအနီး၌ ဆင်ချည်အုပ်တိုင်ကြီး ရှိခဲ့ဖူးပါသည်။

မင်းတုန်းမင်းတရားကြီး လက်ထက်တွင် မန္တလေး လေးပြင်လေးရပ်၌ သာလာယံဇရပ်ကြီးများ ရှစ်ဆောင် ဆောက်လုပ်ခဲ့သည်။ နန်းတော်ရှေ့ရှိ မုန်တိုင်ဇရပ်ကြီးမှာ ထိုသာလာယံဇရပ်ကြီး ရှစ်ဆောင်အနက် တစ်ဆောင်အပါအဝင်ဖြစ်၏။ ထိုအုတ်ဇရပ်ကြီးများကို အရှေ့အရပ်၌ သုံးဆောင်၊ တောင်အရပ်၌ လေးဆောင်၊ မြောက်အရပ်၌ တစ်ဆောင် ဆောက်လုပ်ခဲ့သည်။ ထိုဇရပ်ကြီးများ၌ လာရောက်နားခိုကြမည့် ရဟန်းရှင်လူ ပရိသတ်အတွက် လက်ဖက်၊ ကွမ်း၊ ဆေးကအစ ချက်ပြုတ်စားသောက်ရန်အတွက် အိုးခွက်ပန်းကန်များ၊ ဂီလာနပုဂ္ဂိုလ်များအတွက် သမားတော်၊ အနှိပ်တော်များအထိ ကုသိုလ်ဖြစ်ထားရှိပေသည်ဟု ဆို၏။

ဇရပ်ကြီးများ၏ အမျိုးသမီးများအတွက် အသုံးအဆောင်ပစ္စည်းများလည်း ထားရှိပေးခဲ့သည်။ ယုတ်စွအဆုံး ကိုယ်ဝန်ဆောင်မိန်းမများအတွက် မီးနေခန်းဝင်ပစ္စည်းများပင် ထားရှိခဲ့သည်။

ဤသို့သော မင်းတုန်းမင်းလက်ထက်မှ ဇရပ်ကြီးများ ယခုအခါ မရှိတော့ပါ။ မြောက်ပိုင်း အိုးဘိုပတ္တမြားရပ်ကွက်၌သာ ဇရပ်ကြီး တစ်ဆောင် ကျန်ရှိသေးကြောင်း လွန်ခဲ့သောနှစ်များဆီက ကြားသိခဲ့ရသေးသည်။ နန်းတော်ရှေ့မှ ရှေးဟောင်းမုန်တိုင်ဇရပ်ကြီးနေရာတွင် လွန်ခဲ့သော သုံးနှစ်ခန့်က အုတ်အင်္ဂတေပစ္စည်းများဖြင့် အောင်ရတနာ ဓမ္မဗိမာန်ကြီး အစားထိုးလှူဒါန်းတည်ဆောက်ထားရှိခဲ့ပါသည်။ ယခုအထိတော့ ပုသိမ်ကြီး-ရန်ကင်းတောင်သွား ဘတ်စ်ကားများက နန်းရှေ့ရောက်လျှင်ဖြင့် ''မုန်တိုင်ဇရပ်'' မှတ်တိုင်ပါသေးလားဟု မေးနေဆဲပင်ဖြစ်ပါ၏။

**ထိုဇရပ်ကြီးများ၌ လာရောက်နားခိုကြမည့် ရဟန်းရှင်လူ ပရိသတ်အတွက် လက်ဖက်၊ ကွမ်း၊ ဆေးကအစ ချက်ပြုတ်စားသောက်ရန်အတွက် အိုးခွက်ပန်းကန်များ၊ ဂီလာနပုဂ္ဂိုလ်များအတွက် သမားတော်၊ အနှိပ်တော်များအထိ ကုသိုလ်ဖြစ်ထားရှိပေသည်ဟု ဆို၏။**



မင်္ဂလာဥယျာဉ်ထိပ် မုန်တိုင်ဇရပ်ကြီး၏ အနောက်နားမှာ ရတနာနဒီတူးမြောင်းရှိပါသည်။ ရတနာနဒီကို အေဒီ ၁၂၂၄ ခု တပေါင်းလတွင် မင်းတုန်းမင်းလက်ထက် ရှေ့ဝင်းမှူး သူရဲဝန်မင်းကြီး မဟာသမိန်ဘော ဖြတ်စကြီးမှူး၍ မဟာနန္ဒကန်ငစဉ့်ကူးအရပ်မှ မြို့တော်အထိ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ရှေးက ရေစီးရေလာကောင်းခဲ့၍ ရတနာနဒီ သမုတ်ခဲ့ခြင်းဖြစ်သည်။ ယခု မဟာနဒီမြောင်းဟု ခေါ်ဆိုနေကြ၏။

ရွှေမြို့တော်ကြီး ဘုန်းမီးနေလတောက်ပစဉ်အခါက ရေတသွင်သွင်စီးဆင်းကာ လုပတင့်တယ်လှသည့် ရတနာနဒီအရှေ့ဆီမှ စီးကာထားသည့် ရွှေမြို့တော်ကြီးအတွင်းမှ မြေနန်းပြာသာဒ်တော်ကြီးကို နန်းတွင်းစာဆိုတော်ကြီး ဦးပုည က ''ရတနာနဒီမော်ကွန်း ''တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

''မင်္ဂလာလျှင်၊ အင်္ဂါမချို့ ရွှန်းရွှန်းပျို့သား၊ မြို့၏ချက်ဗွေ၊ လယ်မဇ္ဈ၌၊ သုမေဓာမြတ်၊ ညပျော်နတ်ကို၊ လက်တက်မှုကုန်၊ ရေဘုန်းသခင်၊ နတ်ရှင်နင်းဆောက်၊ ဆုကြီးမြောက်သား၊ မြေပေါက်ရတနာ၊ နန်းသိင်္ဂါလျှင်၊ ယူဇနာမြင့်ဖျား၊ နှစ်ဆယ့်ငါးတည့်၊ ဘုန်းအားဖန်ဆင်း၊ ချက်ချင်းထွန်းသို့၊ မြေနန်းလွှတ်စံ၊ ပြာသာဒ်ပျံလည်း၊ တိမ်ယံသီဝေ၊ အထွေထွေလျှင်၊ ရွှေတခဲတည်း၊ စက်စက်ရည်းမျှ၊ မြလည်းဣန္ဒနီ၊ ဝဇီရောင်ရှိန်၊ စိန်လည်းပြိုးပြက်၊ မိုးချက်ပုံ့ဝဲ၊ ပုလဲခြည်လျှပ်၊ အထပ်အထပ်၊ ချပ်ကာချပ်ကာ၊ ဆယ်မျိုးဖြာသည်၊ ရတနာမွန်နှစ်၊ သင့်ရာသစ်လျက်၊ မြေဖြစ်ရေဖြစ်၊ နတ်ဖြစ်လူ့ဘုံ၊ မျက်မြတ်ဘုံကို၊ ဥဿုံ၍တွင်၊ သိကြားယင်ရှင့်၊ ကောင်းကင်ဗိမာန်၊ ဝေဇယန်ကား၊ ကေန်မုချ၊ ကြမ္မာမျှတည့်၊ ဘဝသခင်၊ ရှင်ပင်စောထီး၊ ရွှေနန်းကြီးကား၊ အတီးရေးကျူး၊ ကုသိုလ်ထူးတွင်၊ နတ်မျိုးဖြဟ္မာ၊ ကိုယ်တိုင်လာ၍၊ မေတ္တာထပ်ပွား၊ ဖန်သောအားဖြင့်၊ သိကြားနေတန်၊ ဝေဇယန်ထက်၊ အပြန်ရာထောင်၊ လွန်ကဲသာသည်၊ သမ္ဘာစုံဖြည့် ရင်းနှီးတည်း''

ဟူလို...။

မတ္တရာမြစ်ကို ကျောက်ခန်း၊ ကျောက်ဆည်ခိုင်ခံ့အောင် ဆောင်စေပြီးလျှင် ရေစီးရေလာကောင်းအောင် ပြင်ဆင်၍ နန္ဒာကန်သို့စီးဆင်းစေ၏။ နန္ဒာကန်မှသည် ရွှေမြို့တော်ရှေ့ကို လျှောက်၍ ရှေ့ဝင်းသူရဲဝန်မင်းကြီး မဟာသမိန်ဘောဖြတ်စကို အကြီးအရပ်ခန့်ပြီးလျှင် ငစဉ့်ကူးမြို့ဝန် ၊ မတ္တရာဆည်ဝန်၊ ရွှေလက်ယာဗိုလ်တို့ကို ငစဉ့်ကူးမြို့ကသည် ရွှေမြို့တော်ရောက် ရေသောက်မြို့ ကျေးရွာလူထုအစုအမှုထမ်းက လူတို့နှင့် တူးဖောက်စေရာ ရေစီးရေလာကောင်း၍ ရတနာနဒီသမုတ်ပြီးလျှင် နန်းမြေဘုံသာစံနန်းတော်က ရတနာနဒီစံနန်းတော်သို့ ထွက်တော်မူ၍ အရှင်နှစ်ပါးသမွန်တော်မှာ ရွှေစက်တော်တင်ပြီးလျှင် စုန်ဆန်တော်မူသည် ဤကား ကန္နီမြို့စစ်ကဲ မင်းထင်ရာဇာ၏ မှတ်သားချက်ဖြစ်၏ ။

ရတနာနဒီတူးမြောင်းမှသည် ရွှေမြို့တော်အတွင်း လမ်း၊ လက်ဝဲလက်ယာမြောင်းများကိုလည်း ပြည့်လျှမ်းအောင် သွင်းခဲ့၏။ ထို့နောက် စံနန်းတော်ရှေ့ကတ်ကြို့ ဖောင်ထား၍ ထိုရေလမ်းမြောင်းများမှတစ်ဆင့် ရံဖန်ရံခါ ထွက်တော်မူသည်။ သို့တည်းမဟုတ် လှေအမှုထမ်းတို့ကို လှေလောင်းပေးအပ်၍ ပြိုင်လှော်စေသည်။ လှေသားတို့ကိုလည်း ပုဆိုး၊ ခေါင်းပေါင်းပေးသနားတော်မူသည်ဟု မှတ်သားရ၏။

ထို့ပြင် ရတနာနဒီအရှေ့ဘက်တွင်လည်း ယာကွက်၊ ဥယျာဉ်တော်များ စိုက်ပျိုးစေပြီး ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်မှစ၍ မှူးကြီးမတ်ကြီးတို့ကို ရေလောင်းကံကျွေးလှူပေပြီး ပြုစုစေသည်။ ၎င်းဥယျာဉ်၊ ယာကွက်များမှ ရရှိသော အသီးအပွင့်အရွက်တို့ကို ရွှေမြို့တော်အတွင်း ကျောင်းတိုက်များသို့ မပြတ်လှူတော်မူသည်။

ယခုတော့ ထိုနေရာများကား နန်းရှေ့လမ်းမကြီးဝဲယာရှိ လူနေရပ်ကွက်ကြီးများ ဖြစ်နေပါပြီ။ လမ်းမကြီးပေါ်မှ ဗေဒါပင်တွေပိတ်ဖုံး၊ ဗေဒါပွင့်ပြာပြာလေးတွေ တစွင့်စွင့် ပွင့်နေသည့် နဒီမြောင်းအတိုင်း ဝဲယာမျှော်ကြည့်ပြန်တော့ မြောက်ဘက်အနောက်ခြမ်းတွင် အိုအေစစ် အအေးဆိုင်ကလေးရှိသည်။ အရှေ့ဘက်ခြမ်းမှာ ဖောင်တော်ဦးပရဟိတကျောင်း၏ သံဃဟေဆိုင်၊ လေထိုးဆိုင်၊ မိတ္တူကူးဆိုင်လေးတွေရှိသည်။ ဟို...မြောက်ဘက်မျှော်ကြည့်တော့ ဖောင်တော်ဦး ပရဟိတကျောင်း၏ လေးထပ်စာသင်ကျောင်းဆောင်ကြီးကို မြင်နေရ၏။

***(''ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို'' ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## သတင်းတိုများ

### စစ်ကိုင်းခတ်ပုံအသင်း ပထမအကြိမ် ဆုချီးမြှင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ စစ်ကိုင်းခတ်ပုံအသင်းမှ ပထမအကြိမ် လပတ်တံခွန်စိုက်ဆုနှင့် နှစ်ပတ်လတံခွန်စိုက်ခတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပေးအပ်ပွဲကို စစ်ကိုင်းမြို့ အောင်ထူးခန်းမ၌ အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် စစ်ကိုင်းခတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဝင်းက ခတ်ပုံပြိုင်ပွဲကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က ယခုလို ပြိုင်ပွဲများမှသည် ပြည်တွင်း ပြည်ပ ခတ်ပုံပြိုင်ပွဲကြီးဆီသို့ ပါဝင်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားကြစေလိုကြောင်း၊ ခတ်ပုံပညာရှင်များအနေဖြင့် သတင်း၊ မှတ်တမ်းနှင့် ကဏ္ဍစုံ ရှုထောင့်မျိုးစုံမှ ရိုက်ကူးပြသပေးခြင်းဖြင့် နိုင်ငံ့အကျိုး၊ တိုင်းဒေသကြီး၏ အကျိုးအတွက် ခတ်ပုံပညာဖြင့် ဆက်လက်ကြိုးစားသွားကြစေလိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များအား ခတ်ပုံအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကဏ္ဍစုံမှ ပြိုင်ပွဲဝင်ဆုရ ခတ်ပုံပညာရှင်များအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ဇော်မြင့်နိုင်**

### စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပုံပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ပလောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည် ပြိုင်ပွဲများကို ပြည်သူ့စာကြည့်တိုက်ခန်းမတွင် အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲများတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ထူးချွန်ဆုများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူတိုင်းအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေ၏ အကျိုးကျေးဇူးများကို သိရှိစေရန်နှင့် စာဖတ်ခြင်းဖြင့် အသိဉာဏ်တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲများကို မြို့ပေါ် အခြားကျောင်းများတွင်လည်း ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### စလင်းမြို့၌ ဥပုသ်နေ့တိုင်း ကလေးတရားပွဲများကျင်းပလျက်ရှိ

မကွေးတိုင်းဒေသကြီး စလင်းမြို့မြတ်ရတနာဓမ္မာရုံ၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်းတွင် ကလေးတရားပွဲများကို စလင်းမြို့နယ် ဓမ္မစကူးအသင်းမှ ဦးဆောင်ပြီး ကျင်းပလျက်ရှိကြောင်း သိရသည်။ ကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူလေးများအနေဖြင့် ဗုဒ္ဓ၏ အဆုံးအမများကို နာယူနိုင်စေရန်ရည်ရွယ်၍ ဓမ္မစကူးလ်သင်တန်းကို အခြေခံမှစတင်သင်ကြားပေးပြီး ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် သင်ယူလျက်ရှိကြောင်း၊ ဥပုသ်နေ့များတွင် အဆိုပါ ကျောင်းသား ကျောင်းသူများအတွက် ကလေးတရားပွဲများကို ကျင်းပပေးခြင်းဖြစ်ကာ အောက်တိုဘာ ၉ ရက်တွင် မြို့တောင်ကျောင်းဆရာတော်က တရားဟောခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တရားနာယူခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### ဘူတာဝင်းအတွင်းနှင့်ရထားများပေါ်တွင်မှုခင်းမဖြစ်ပွားရေးပညာပေးဟောပြော

အောင်ပန်းမြို့ အောင်ပန်းဘူတာဝင်းအတွင်းနှင့် ရထားများပေါ်တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းမဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောပွဲကို ရထားရဲတပ်ဖွဲ့ အမှတ်(၇)တပ်ခွဲမှ တပ်ခွဲမှူး ရဲမှူးလှထွန်း ဦးဆောင်၍ မြန်မာ့မီးရထား တိုင်း(၄) အောင်ပန်းဘူတာမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့ပြီး ခရီးသွားပြည်သူများ၊ ရထားလမ်းနှင့်ကပ်လျက် ရပ်ကွက်များတွင် နေထိုင်သောပြည်သူများအား မှုခင်းကျဆင်းရေးဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

### ဇီကာဗိုင်းရပ်ရောဂါအကြောင်းပညာပေးဟောပြော

ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇီကာဗိုင်းရပ်ရောဂါအကြောင်း ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၇ ရက်က ပြုလုပ်ခဲ့ပြီး ရွှေကူမြို့နယ် ကျန်းမာရေးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကိုကိုကြီးတို့က ဇီကာဗိုင်းရပ်ရောဂါအကြောင်းနှင့် ရောဂါကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောပွဲပြုလုပ်

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းလျက် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲကို ကြက်သွန်ခင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့ပြီး ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမွန်က ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တက်လာပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ဟောပြောပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများသာမက အခြားဗဟုသုတရရှိဖွယ်ရာ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုလေ့လာသွားကြရန်၊ ဆိုရှယ်မီဒီယာ အွန်လိုင်းမီဒီယာများ အသုံးပြုပြီး ဂိမ်းကစားခြင်း၊အခြားအကျိုးမရှိသောကိစ္စရပ်များ လုပ်ဆောင်ခြင်းဖြင့် အချိန်မဖြုန်းဘဲ မိမိတို့အတွက် အသိပညာ အတတ်ပညာရရှိနိုင်သည့် စာအုပ်စာပေများသာ ဖတ်ရှုလေ့လာခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ဟောပြောသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စောကလျာက ကျောင်းစာကြည့်တိုက်အတွက် သုတရသ စာအုပ်စာစောင်များကို ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်စိုးက ပေးအပ်လှူဒါန်းခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြက္ခရွေတောင် စွယ်တော်ရှင်စေတီတော် ဆွမ်းလောင်းလှူပွဲနှင့် တတိယအကြိမ် မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲ စည်ကားစွာကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၁၁**

မြစ်သားမြို့နယ် ကူမဲကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့သည့် ပဋ္ဌမြောက်စွယ်တော်ရှင်စေတီတော်တည်ရှိရာ ပြက္ခရွေတောင် ဆွမ်းလောင်းလှူပွဲနှင့် တတိယအကြိမ် မြန်မာ့ရိုးရာ ဒိုးပတ်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက် (သီတင်းကျွတ်လပြည့်နေ့)အထိ ယင်းတောင်တက်လမ်းရှိ မောနားကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ပြက္ခရွေတောင် ဆွမ်းလောင်းလှူပွဲက အနော်ရထာမင်းကြီးနဲ့ စွယ်တော်ရှင်ကို ပင့်ဆောင်ခဲ့တဲ့ ဆင်ဖြူတော်ကို ရည်စူးပြီး ဘိုးဘွားစဉ်ဆက်လောင်းလှူခဲ့တဲ့ ဆွမ်းလောင်းပွဲဖြစ်ပါတယ်။ ဒိုးပတ်ပြိုင်ပွဲကတော့ အစဉ်အဆက် ဘိုးဘွားတွေလက်ထက်ကတည်းက ပြက္ခရွေတောင်အနီးတစ်ဝိုက် ပန်းလောင်မြစ် ဆည်ရေသောက်သီးနှံစိုက်ပျိုးကြတဲ့ ကျေးရွာပေါင်း၄၈ ရွာက ကျေးရွာဒေသခံတွေ စုပေါင်းပြီး ဆွမ်းလောင်းပွဲလာကြတဲ့အခါ လမ်းမှာ ပလွေပါတဲ့သူက ပလွေ၊ လင်းကွင်းပါတဲ့သူက လင်းကွင်းစတဲ့ လက်လုပ်ကိရိယာလေးတွေကို တီးမှုတ်ပြီးလာကြရင်း ဒိုးပတ်အဖွဲ့လေးတွေ ဖြစ်လာကြတာ။ အဲဒီကနေတစ်ရွာသားနဲ့ တစ်ရွာသား ဆွမ်းလောင်းပွဲမှာဆုံကြပြီး ကိုယ့်မှာပါတဲ့ ဒိုးပတ်ဝိုင်း ကိရိယာလေးတွေနဲ့ ဟိုတစ်စုဒီတစ်စု မောနားကျောင်းတိုက်ဝင်းထဲမြေကွက်လပ်တွေမှာ တီးမှုတ်လာကြရာကစပြီး ဒိုးပတ်ပြိုင်ပွဲလေး ပြုလုပ်ပေးရင်ကောင်းမယ်ဆိုပြီး ပြုလုပ်ပေးရာကနေ ဒီနှစ်တတိယအကြိမ် ဒိုးပတ်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်"ဟု မောနားကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသက မိန့်ကြားသည်။

ပြက္ခရွေတောင်ဒိုးပတ်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက် နံနက်ပိုင်းအထိ ကျင်းပမည်ဖြစ်ပြီး ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာလ ၁၄ ရက်တွင် ဆုတောင်းပြည့်မောနားစေတီတော် ရင်ပြင်တော်တွင်ကျင်းပမည်ဖြစ်ကာ သံဃာတော်အပါး ၁၈၀ ကျော်အား ဆွမ်းလောင်းလှူသွားမည်ဖြစ်ကြောင်း၊ ဆွမ်းလောင်းလှူပွဲနှင့် ဒိုးပတ်ပြိုင်ပွဲသို့ ပန်းလောင်မြစ် ဆည်ရေသောက်ကျေးရွာများဖြစ်သည့် ကဆွန်၊ အိမ်ရှေ့တောင်၊ သပြေတောင်း၊ ပွဲလုံးကျော်၊ မြင်းရွာလေး၊ လက်ခုပ်ကုန်း၊ နဘဲကန်၊ မြသုခ၊ မြင်းခြံကုန်း၊ ဆင်ချည်တိုင် စသည့်ကျေးရွာပေါင်း ၄၈ ရွာမှ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြကြောင်း သိရသည်။



ပြက္ခရွေတောင် ဆိုသည်မှာ တောင်တစ်ခုတည်း၏ အမည်နာမ မဟုတ်ဘဲ ပြက်တောင်နှင့် ခရွေတောင်ပေါင်း၍ ပြက္ခရွေတောင်ဟု ခေါ်တွင်ခြင်းဖြစ်ပြီး အနော်ရထာမင်းကြီးတည်ထားကိုးကွယ်သည့် စွယ်တော်ရှင်စေတီတော်မှာ ယခုအခါ အမည်သတ်မှတ်ထားသည့် ပြက္ခရွေ အနောက်တောင်ပေါ်တွင် တည်ရှိသည်။ ပြက္ခရွေတောင် ဆွမ်းလောင်းလှူပွဲသို့ လာရောက်သူများ လမ်းခရီးအဆင်ပြေချောမွေ့စေရေးအတွက် ပြက္ခရွေတောင် တောင်ခြေမှ မောနားကျောင်းတိုက်အထိ ၁ မိုင်ခရီး တောင်တက်(မြေသား)လမ်းကို မော်တော်ယာဉ်များဖြင့် တက်ရောက်နိုင်ရန်အတွက် မန်းပြည်တံခွန်ကုမ္ပဏီနှင့် ကောင်းကင်နန်းတော်ဟိုတယ် မိသားစုတို့က လှူဒါန်းဖောက်လုပ်ပေးထားရာ ယခုနှစ်တွင် တောင်ခြေမှ မောနားကျောင်းတိုက်အထိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် တက်ရောက်နိုင်ပြီဖြစ်ပြီး မောနားကျောင်းတိုက်မှ ပြက္ခရွေတောင်(အရှေ့)၊ ပြက္ခရွေတောင်(အနောက်)များပေါ်သို့ ခြေလျင်ခရီးဖြင့် ဆက်လက်တက်ရောက်နိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဒေသဖွံ့ဖြိုးရေးနှင့် ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး

**လှိုင်ကော် အောက်တိုဘာ ၁၁**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ပန်ပက်ကျေးရွာကို ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရွှမ်းကူကျေးရွာခန်းမဆောင်၌ အောက်တိုဘာ ၈ ရက်က တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားများက ပန်ပက်ကျေးရွာအတွင်း လိုအပ်လျက်ရှိသော လမ်းမကြီးကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေး၊ ကျေးရွာတွင်းရေရရှိရေးနှင့် ကျေးရွာအားကစားကွင်းရရှိစေရေး၊ ထိုင်းနိုင်ငံနယ်စပ်ရောက် ကြေးကွင်းစွပ် ကယန်းတိုင်းရင်းသူများ ပြန်လာနိုင်ရေး၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များကို စနစ်တကျကြပ်မတ်ရေး၊ ဘုန်းတော်ကြီးသင်ပရဟိတစာသင်ကျောင်းကို ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ရေးနှင့် ယခုဖွင့်လှစ်သည့် ရွှမ်းကူကျေးရွာ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ် တိုးချဲ့ပေးနိုင်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် လက်မှုပညာရပ်များ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရေး စသည့်အချက်များကို တင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေး ပညာပေးမှုများ ကွင်းဆင်းဆောင်ရွက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ဟောပြောပြသလျက်ရှိရာ အောက်တိုဘာ ၈ ရက်တွင် မြပါရမီကိုယ်ပိုင်အထက်တန်းကျောင်းရှေ့၌ ပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါမှုခင်းပညာပေး ပြခန်းယာဉ်မှာ အောက်တိုဘာ ၇ ရက်က ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာသို့ရောက်ရှိ ပညာပေးဟောပြောခဲ့ပြီး ညနေပိုင်းတွင် ကျောက်ပန်းတောင်းမြို့၌ ညအိပ်ရပ်နားခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ ပြခန်းယာဉ်အနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တွေကို ရောက်ရှိခဲ့ပြီး အခု ညောင်ဦးခရိုင်ကို ရောက်ရှိလာတာပါ။ အဓိကကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်တွေမှာ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်လာစေဖို့ ရည်ရွယ်တာပါ"ဟု ပညာပေးပြခန်းယာဉ် အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးမျိုးလွင်က ပြောသည်။

ပညာပေးပြခန်းယာဉ်တွင် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခြင်းနှင့် ယာဉ်ထိခိုက်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ဆိုးကျိုးရလဒ်များ၊ လူကုန်ကူးမှုဖြစ်စဉ်နှင့် ဖြစ်ပွားတတ်သည့်အခြေအနေများ၊ တားဆီးကာကွယ်နှိမ်နင်းမှုများကို ခတ်ပုံမှတ်တမ်းများ၊ စာရင်းဇယားကားချပ်များဖြင့် မြပါရမီကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပြသခဲ့ပြီး ဆက်လက်၍ လွတ်လပ်ရေးရပ်ကွက် ပန်းသီတာဥယျာဉ်ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သို့ရောက်ရှိကာ ဒေသခံပြည်သူများအား ပညာပေးဟောပြောခဲ့ကြသည်။ **နေအောင်(iprd)**

## ကျောင်းများတွင် ပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းများ ကွင်းဆင်းပြုလုပ်

**အိမ်မဲ အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းများသို့ သွားရောက်ပညာပေးဟောပြောခြင်း၊ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်း၊ နံရံကပ်စာစောင်နှင့် ခတ်ပုံပြပွဲများ ပြသခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်က ချောင်းဖျား အထက(ခွဲ)ကျောင်းတွင် သွားရောက်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်း၏ အန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များ၊ စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဌေးဌေးလှိုင်က ဟောပြောပြီး ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍ စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်း၊ နံရံကပ်စာစောင်နှင့် ခတ်ပုံပြခန်းများ ပြသပေးခြင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။

**(မြို့နယ် ပြန် /ဆက်)**

## စိုက်ပျိုးနည်းပညာများ လေ့လာနိုင်ရန်စီစဉ်ပေး

**မိုင်းဖြတ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်အတွင်းရှိ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းပညာများကို လက်တွေ့လေ့လာဆည်းပူးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စပါးသီးနှံစိုက်ခင်းများ၊ ဥယျာဉ်ခြံများနှင့် သဘာဝဓာတ်မြေဩဇာ အသုံးပြုစိုက်ပျိုးထားသည့် သီးပင်စားပင်စိုက်ခင်းများသို့ တောင်သူများ ကွင်းဆင်းလေ့လာရေးအတွက် အောက်တိုဘာ ၇ ရက်က စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်သူများ၏ လေ့လာရေးခရီးစဉ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တောင်သူများအား စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစု ထည့်သွင်းနည်းစနစ်များကို စိုက်ခင်းများအတွင်း လက်တွေ့ရှင်းလင်းပြသခဲ့သည်။ အဆိုပါ လေ့လာရေးခရီးစဉ်တွင် မွန်ကာကျောင်း ကျေးရွာအုပ်စုမှ တောင်သူ ၂၀၊ တောညကျေးရွာအုပ်စုမှ တောင်သူ ၂၀ နှင့် ဌာနဝန်ထမ်းငါးဦး စုစုပေါင်း ၄၅ ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဒေါ့မွန်တို့ပွဲကျပ်ပြီး ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲဆက်ဦးမယ့် ဘွန်ဒက်စ်လီဂါပွဲစဉ်(၇)

**မိုးမြင့်လင်းလက်**



ဒီတစ်ပတ်ရဲ့ဘွန်ဒက်စ်လီဂါပွဲစဉ်(၇)ကို အောက်တိုဘာ ၁၅ ရက်မှာ ပြန်လည်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ကမ္ဘာ့ဖလားခြေစစ်ပွဲတွေရှိနေတာမို့ တစ်ပတ်ရပ်နားခဲ့ရတဲ့အတွက် ဒီတစ်ပတ်မှာတော့ ရေကုန်ရေခန်းဆင်နွှဲကြတော့မှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာတော့ တန်းစီဇယားဒုတိယနေရာနဲ့ တတိယနေရာမှာရှိနေတဲ့ ဟာသာဘာလင်နဲ့ ဒေါ့မွန်တို့ရဲ့ပွဲစဉ်က ပရိသတ်အကြိုက်ပွဲအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။

**ဒေါ့မွန်နှင့် ဟာသာဘာလင်**

ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ ခြောက်ပွဲကစားပြီးချိန်အထိ ၁၃ မှတ်ရရှိနေတဲ့ ဟာသာဘာလင်နဲ့ ခြောက်ပွဲကစားပြီး ၁၂မှတ်ရရှိထားတဲ့ ဒေါ့မွန်တို့ဟာ ဒီပွဲစဉ်မှာတော့ ရေကုန်ရေခန်းကစားကြတော့မယ့်ပွဲဖြစ်ပါတယ်။ ဒေါ့မွန်တိုက်စစ်က ဟာသာဘာလင်ထက် ပိုမိုကောင်းမွန်ပြီး ခံစစ်ပိုင်းလည်း တောင့်တင်းပါတယ်။ ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ ဒေါ့မွန်တို့ သရေပွဲ၊ ရှုံးပွဲမရှိသေးဘဲ နိုင်ပွဲတွေချည်းရရှိနေတာမို့ အခုပွဲမှာလည်း အဲဒီမှတ်တမ်းကောင်းကို ဆက်လက်ပုံဖော်ပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးငါးပွဲ တွေ့ဆုံခဲ့မှုကို ကြည့်ရင် ဒေါ့မွန်တို့ ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာလည်း ဟာသာဘာလင်တို့ အမြင့်ဆုံး မျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ဖရန့်ဖတ်နှင့် ဘိုင်ယန်မြူးနစ်**

ဘိုင်ယန်မြူးနစ်တို့က ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ရှုံးပွဲမရှိသေးပါဘူး။ ဘိုင်ယန်မြူးနစ်ရဲ့လက်ရှိကစားအားကိုကြည့်ရင် တိုက်စစ်က အကောင်းဆုံးပုံစံရရှိနေပြီး ခံစစ်ပိုင်းကလည်း ပေးဂိုးအနည်းဆုံးဖြစ်အောင် ကြိုးစားထားနိုင်နေပါတယ်။ ဖရန့်ဖတ်တို့က ဒီနှစ်ဘွန်ဒက်စ်လီဂါမှာအိမ်ကွင်းရှုံးပွဲမရှိသေးတဲ့အသင်းဖြစ်ပြီး စွမ်းဆောင်မှုအားကောင်းနေတာမို့ အခုပွဲမှာ နှစ်သင်းစလုံးအားထည့်ကစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ဖရန့်ဖတ်တို့ တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ အဝေးကွင်းမရှုံးသေးတဲ့ ဘိုင်ယန်မြူးနစ်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

**ကိုလုံးနှင့် အင်ဂိုစတက်**

ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ ရှုံးပွဲမရှိသေးတဲ့ ကိုလုံးတို့အတွက် ခြေပျက်နေတဲ့ အင်ဂိုစတက်ကို အသာစီးရအောင် ကစားပါလိမ့်မယ်။ ကိုလုံးအသင်းဟာ တိုက်စစ်စွမ်းရည်ထက်မြက်ပြီး ခံစစ်ပိုင်းကလည်း ပြိုင်ဘက်တိုက်စစ်ကို ကောင်းကောင်းဟန့်တားထိန်းချုပ်နိုင်သူတွေဖြစ်တာမို့ ဒီပွဲမှာ အင်ဂိုစတက်တို့ သိပ်တော့မလွယ်ပါဘူး။ နိုင်ပွဲမရသေးတဲ့ အင်ဂိုစတက်တို့ ဒီပွဲမှာလည်း ကံကောင်းမှ တစ်မှတ်ရမယ့်ပွဲဖြစ်ပါတယ်။

**ဂလာဘတ်နှင့် ဟမ်းဘတ်**

ခြောက်ပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိသေးတဲ့ ဟမ်းဘတ်တို့အတွက် ဂလာဘတ်ကွင်းမှာ အကြိတ်အနယ်ကစားရမယ့်ပွဲဖြစ်နေပြန်ပါတယ်။ ဂလာဘတ်ရဲ့လက်ရှိခြေစွမ်းကိုကြည့်ရင် တိုက်စစ်မှူးတွေ ပွဲတိုင်းဂိုးသွင်းနိုင်ပေမယ့် ခံစစ်ပိုင်းက အားနည်းချက်ရှိနေပြီး ပွဲတိုင်းဂိုးတွေပေးနေရပါတယ်။ ဟမ်းဘတ်တို့ကတော့ ခြောက်ပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိထားပြီး ခံစစ်ပိုင်းကလည်း ဆိုးရွားနေပါတယ်။ ဒီပွဲမှာလည်း ဂလာဘတ်တို့ အားထုတ်မှုကောင်းကောင်းနဲ့ ကြိုးစားမှာဖြစ်ပေမယ့် ဟမ်းဘတ်ရဲ့အနိုင်ရလိုမှုစိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတာကို ရင်ဆိုင်ရပါလိမ့်မယ်။ ဒီပွဲမှာ ဂလာဘတ်ပရိသတ်တွေ ပျော်ရွှင်ရမယ့် အနေအထားပါပဲ။

**ဝါဒါဘရီမင်နှင့် လေဗာကူဆင်**

လက်ရှိအခြေအနေမှာတော့ လေဗာကူဆင်တို့ ပုံမှန်ခြေစွမ်းပြနိုင်နေပြီး နိုင်ပွဲတွေလည်း ရရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဝါဒါဘရီမင်တို့ အိမ်ကွင်းမှာ နိုင်ပွဲရရှိအောင် အပြင်းအထန်ရှာဖွေနိုင်တာမို့ လေဗာကူဆင်တို့ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးငါးပွဲဆုံတွေ့မှုကိုကြည့်ရင် ဝါဒါဘရီမင်တို့က သုံးပွဲနိုင်ထားပြီး သရေတစ်ပွဲဖြစ်ကာ လေဗာကူဆင်တို့က တစ်ပွဲနိုင်ထားပါတယ်။ ဒီပွဲမှာ အိမ်ရှင်တို့ ခြေကုန်ထုတ်ပြီး အမှတ်ပြည့်ရရှိရေး စွမ်းဆောင်ပါလိမ့်မယ်။

**အော့စ်ဘတ်နှင့် ရှော်လ်ကေး**

ခြောက်ပွဲကစားပြီးချိန်မျာ နိုင်ပွဲတစ်ပွဲသာရရှိသေးတဲ့ ရှော်လ်ကေးတို့လည်း တန်းဆင်းဇုန်က ရုန်းထွက်ဖို့ ဒီပွဲမှာ အားထည့်ပါလိမ့်မယ်။ အော့စ်ဘတ်တို့ အိမ်ကွင်းမှာ နိုင်ပွဲတစ်ပွဲသာရရှိသေးတာမို့ ဒီပွဲမှာ အမှတ်ပြည့်ရယူရေး ကြိုးစားလာပါလိမ့်မယ်။ ရှော်လ်ကေးတို့က ခံစစ်ပိုင်းအားနည်းချက်ရှိတာမို့ ဒီပွဲမှာ အော့စ်ဘတ်တိုက်စစ်မှူးတွေကို ဟန့်တားဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ကစားရခက်တဲ့ အော့စ်ဘတ်ကို ရှော်လ်ကေးတို့ တစ်မှတ်ရရင် ကျေနပ်ရမှာပါ။

**ဟော့ဖန်ဟိန်းနှင့် ဖရိုင်းဘတ်**

ဒီနှစ် ဘွန်ဒက်စ်လီဂါမှာအိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ဟော့ဖန်ဟိန်းအတွက် ဖရိုင်းဘတ်တို့က ဟန့်တားမှုတစ်ရပ်ဖြစ်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဖရိုင်းဘတ်တို့က ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ အဝေးကွင်းမှာ ရှုံးပွဲတွေချည်း ဆက်တိုက်ကြုံတွေ့နေရပါတယ်။ ပွဲတိုင်းအမှတ်ရအောင် အားထုတ်နိုင်နေတဲ့ ဟော့ဖန်ဟိန်းတို့ အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ။

## အင်္ဂလန်အသင်းခေါင်းဆောင်နေရာကို စွန့်လွှတ်ရဖို့နီးလာတဲ့ ရွန်းနေ

အင်္ဂလန်အသင်းနဲ့အတူ ပွဲပေါင်းများစွာကစားခဲ့တဲ့ တိုက်စစ်မှူး ရွန်းနေဟာ အသင်းခေါင်းဆောင်နေရာကို စွန့်လွှတ်ရဖို့နီးလာပြီလို့ ဆိုပါတယ်။ ရွန်းနေရဲ့ကစားပုံနဲ့ပတ်သက်ပြီးတော့ ပရိသတ်တွေရဲ့လှောင်ပြောင်ဝေဖန်မှုတွေလည်း ရှိလာခဲ့ပါတယ်။ အသက် ၃၀ အရွယ် နီးလာပြီဖြစ်တဲ့ ရွန်းနေရဲ့ကစားပုံအပေါ် အင်္ဂလန်ပရိသတ်တွေက ဝေဖန်လာကြတာဖြစ်ပါတယ်။ ဒါပေမယ့် အင်္ဂလန်အသင်းရဲ့ ယာယီနည်းပြဖြစ်နေတဲ့ ဆောက်ဂိတ်ကတော့ ရွန်းနေကို ကာကွယ်ပြောဆိုပေးလျက်ရှိပါတယ်။ အင်္ဂလန်အသင်းမှာ ရွန်းနေရဲ့ကျောနံပါတ် ၁၀ နေရာကို ရယူဖို့ရေပန်းစားနေသူကတော့ ဒေလီအောလီဖြစ်ပါတယ်။

ရွန်းနေဟာ အင်္ဂလန်အသင်းမှာ အခုအချိန်အထိ ပွဲပေါင်း ၁၁၇ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းအတွက် ဂိုးသွင်းယူပေးမှုမှာလည်း အများဆုံး စံချိန်တင်ထားသူ တစ်ယောက်ဖြစ်ပါတယ်။



## ကမ္ဘာ့နံပါတ်တစ်ဖြစ်ဖို့ နီးလာတဲ့ အင်ဒီမာရေး


ဗြိတိန်တင်းနစ်အကျော် အင်ဒီမာရေးဟာ ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲမှာ ဘူလ်ဂေးရီးယား တင်းနစ်ကစားသမား ဂရီဂေါဒီမီထရိုစ့်ကို ၆-၄၊ ၇-၆(၇-၂)နဲ့ အနိုင်ရလိုက်ပါတယ်။ အင်ဒီမာရေးရဲ့ ဒီဖလားဆွတ်ခူးနိုင်မှုဟာ ၂၀၁၆ ခုနှစ်အတွင်း မှာ တစ်ဦးချင်းပြိုင်ပွဲအတွက် ငါးလုံးမြောက်ဖလားဖြစ်ပါတယ်။ ဒီဖလားဟာ မာရေးရဲ့တင်းနစ်ကစားသမားသက်တမ်းတစ်လျှောက် အလုံး ၄၀ မြောက် ဖလားလည်းဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ်(၂)ဖြစ်တဲ့ အင်ဒီမာရေးဟာ ဒီချိုင်းနားအိုးပင်းမှာ ဖလားဆွတ်ခူး နိုင်ခဲ့ခြင်းဟာ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်ရဲ့နံပါတ်တစ်နေရာကို ရယူဖို့ နီးကပ်သွားပြီလို့ ဆိုပါတယ်။ မာရေးဟာ ဒီနှစ်ထဲမှာ ဝင်ဘယ်ဒန်ဖလားနဲ့ အိုလံပစ်ပြိုင်ပွဲတွေမှာ ဆုဖလားတွေ ဆွတ်ခူးခဲ့ပြီးနောက် ဂျိုကိုဗစ်ရဲ့နံပါတ်တစ်နေရာကို ခြိမ်းခြောက်လာခဲ့ပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

## ကမ္ဘာ့ဖလားအပြီး အနားယူတော့မယ်ဆိုတဲ့ ဂျရတ်ပီကေး

ရုရှားနိုင်ငံမှာကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားအပြီးမှာ စပိန်လက်ရွေးစင်အသင်းကနေ အနားယူတော့မယ်လို့ နောက်တန်းကစားသမား ဂျရတ်ပီကေးက ဆိုပါတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ စပိန်က အယ်လ်ဘေးနီးယားကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ပွဲအပြီးမှာ ဂျရတ်ပီကေးက ပြောဆိုလိုက်တာဖြစ်ပါတယ်။ ဂျရတ်ပီကေးဟာ စပိန်အသင်းမှာရော ဘာစီလိုနာအသင်းမှာပါ အဓိကအားထားရတဲ့နောက်တန်းကစားသမားအဖြစ် ကစားနေသူဖြစ်ပြီး ဘာစီလိုနာအသင်းနဲ့အတူ အောင်မြင်မှုတွေများစွာရယူထားတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ စပိန်အသင်းအတွက်လည်း နည်းပြဘိုစကွီးလက်ထက် ကမ္ဘာ့ဖလားနဲ့ ဥရောပဖလားနှစ်လုံးကို ရယူရာမှာ ပါဝင်ကစားခဲ့ပါတယ်။ လက်ရှိအချိန်မှာ အသက် ၂၉ နှစ်အရွယ်ရှိနေတဲ့ ဂျရတ်ပီကေးဟာ ၂၀၁၈ ကမ္ဘာ့ဖလားအပြီးမှာတော့ စပိန်လက်ရွေးစင်အသင်းကနေ အနားယူဖို့ သေချာနေပါတယ်။


Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
Hlaing River
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon


အထူးဂုဏ်ယူဝမ်းမြောက်ခြင်း
ICON Shopping Center
ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
M9 PUBLIC CO.,LTD.




CHANGHONG
Panasonic
Infinity Investment Co., Ltd.
HITACHI
Glacier
ICE IN YOUR HAND
MCG
TZE
OKM
OK MYANMAR CO., LTD.
Midea
Panasonic
Advanced Vision Co.,Ltd.
Royal Eagle Electronics Co., Ltd.
SUMMIT
Air Conditioner
TCL
The Creative Life

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကိုလတ် + ဒေါ်ကြင်ကြင်
ကြယ်စင်နန်းတော်ရတနာဆိုင်
အမှတ်(7B)မြေညီထပ်၊ရွှေဘုံသာအောက်လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆိုင်ဖုန်း - ၀၁-၂၅၀၅၈၁၊ ၀၁-၃၇၉၂၇၀

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး(ဆရာမ)
စိန်ရွှေရတနာရောင်းဝယ်ရေး
အမှတ်(71A)မြေညီထပ်၊ ရွှေဘုံသာအောက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆိုင်ဖုန်း - ၀၁-၃၇၅၀၂၇

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

NAING MELAMINE Company Limited.

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးလှဝင်း
နန်းတော်(ဒန်သတ္တုကုမ္ပဏီလီမိတက်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည် အရေအတွက်**

(က) Spectra Precision SP80 GNSS Receiver(RTK) 1 Set

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၁၀-၂၀၁၆ ရက်

**ပိတ်ရက်နှင့်အချိန်** - ၂၈-၁၀-၂၀၁၆ ရက် ၁၅:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

